# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၃) ရက် ၊ စနေနေ့ ၊ (8-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၄၃)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ်ညှိနှိုင်းအစည်းအဝေး ကျင်းပ







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ်အစည်းအဝေးတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၇**

မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာသုံးဦးသုံးဖလှယ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ၊ လာအိုနိုင်ငံဝန်ကြီးချုပ် ဆုံဆိုင်းဆီဖန်ဒုံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ၏ ဆွေးနွေးချက်**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့တွေ့ဆုံဆွေးနွေးခြင်းဖြင့် မိမိတို့အချင်းချင်း

စာမျက်နှာ ၁၆ ကော်လံ ၁ ➾

**နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်...**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**



ရတနာပုံ
၂၀၁၂ ခုနှစ် မေ ၈ ရက်
အယ်ဒီတာ့အာဘော်

# ကျန်းမာရေးသည် အဓိက

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ကြောင်းကို လူအများ ငယ်စဉ်ကပင် သိပြီးဖြစ်ပါသည်။ ကျန်းမာအောင်နေထိုင်စားသောက်ကြရမည့် ရိုးရှင်းသည့် အသိတရားများကိုလည်း လူတိုင်းသိရှိကြပြီးဖြစ်ပါသည်။ သို့သော် သိသည့်အတိုင်း လိုက်နာကျင့်ကြံကြမှု၌ အားနည်းကြသည်။ ငယ်စဉ်အရွယ်က ကျန်းမာရေးအတွက် အချိန်မပေးမိဘဲ စီးပွားရေး၊ ကြီးပွားရေးကိုသာ ပြည့်စုံသည်ထက်ပြည့်စုံအောင် ကြိုးစားတတ်ကြသည်။

အသက်အရွယ်ရလာချိန်တွင် မကူးစက်တတ်သော နာတာရှည်ရောဂါတစ်ခုခုဖြစ်ပွားလာပြီဆိုပါက ငယ်စဉ်ကတည်းက အချိန်နှင့်ငွေကြေးများစွာရင်းနှီးမြှုပ်နှံထားခဲ့ရသော ပညာရေး၊ စီးပွားရေး၊အိမ်ထောင်ရေး၊ လူမှုရေးစသည်တို့ဖြင့် ရောဂါပျောက်ကင်းသွားအောင်လုပ်ဆောင်၍ မရတော့ပေ။ အသက်ရှင်နေသည့်တိုင် လူဖြစ်ရကျိုးမနပ်တော့ဘဲ အောင်မြင်မှုအပေါင်းတို့၏ စွန့်ခွာခြင်းကို ရင်နှင့်ဖွယ်ခံစားရပေသည်။

လူသားတို့ကို ဒုက္ခပေးနေသောရောဂါများကို အလွယ်ကူဆုံးခွဲခြားလိုက်ပါက ကူးစက်ရောဂါနှင့်မကူးစက်နိုင်သောရောဂါဟူ၍ပင်ဖြစ်သည်။ ကူးစက်ရောဂါနှင့်ယှဉ်လျှင် မကူးစက်နိုင်သောရောဂါများက နာတာရှည်ရောဂါသည်များအဖြစ် ဆိုးကျိုးအပေးဆုံးဖြစ်သည်။ နှလုံးသွေးကြောနှင့်ဆိုင်သောရောဂါများ(သွေးတိုး)၊ နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ(ပန်းနာရင်ကျပ်)၊ ကင်ဆာအမျိုးမျိုး၊ ဆီးချို၊ စိတ်ကျန်းမာရေးပြဿနာများသည် ယနေ့ခေတ်တွင် လူသားတို့ကို ဒုက္ခအပေးဆုံးရောဂါများဖြစ်သည်။

ကမ္ဘာတစ်ဝန်းလူသေဆုံးမှု၏ ၇၁ ရာခိုင်နှုန်းသည် မကူးစက်နိုင်သောရောဂါများကြောင့်ဖြစ်သည်။ ကမ္ဘာတွင် ၂ စက္ကန့်တိုင်းတွင် အသက် ၃၀ မှ ၇၀ အတွင်းရှိ လူတစ်ဦးသည် မကူးစက်နိုင်သောရောဂါများကြောင့် အရွယ်မတိုင်ခင် သေဆုံးနေကြရသည်။ ထို့ပြင် နှစ်စဉ် ၁၅ မီလီယံခန့်ရှိသော ကမ္ဘာတစ်ဝန်းမှ လူသားများသည် မကူးစက်နိုင်သောရောဂါများကြောင့် ပညာရေး၊စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေးစသည်တို့ ထိခိုက်ဆုံးရှုံးနေကြသည့်အပြင် လူပေါင်း ရှစ်သိန်းခန့်သည် လူမမာတစ်ယောက်ဘဝမှ မိမိကိုယ်ကို အဆုံးစီရင်နေကြပါသည်။ မကူးစက်နိုင်သောရောဂါများကြောင့် စိတ်ကျန်းမာရေးပြဿနာများပါ ဆက်လက်ဖြစ်ပေါ်လာပြီး မိမိချစ်ရသူများနှင့် မိသားစုများမှာ မိမိကြောင့်ဝန်ထုပ်ဝန်ပိုးဖြစ်ကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထုတ်ပြန်ချက်အရ အထိတ်တလန့်သိရှိရသည်။

ထိုသို့မကူးစက်နိုင်သောရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်း ၅ ချက်မှာ ကျန်းမာရေးနှင့် မညီညွတ်သောအစားအစာများ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု၊ လေထုညစ်ညမ်းမှု၊ အရက်အလွန်အကျွံသောက်သုံးမှု၊ ကိုယ်လက်လှုပ်ရှားခြင်းနည်းပါးမှုတို့ဖြစ်ကြပြီး ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက်များ ဆင်ဆင်ခြင်ခြင်စားသုံးခြင်း၊ စိတ်တည်ငြိမ်အေးချမ်းမှုရှိအောင် တရားဓမ္မရှုမှတ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်းနှင့် အထိုင်များခြင်းမဖြစ်အောင် မိသားစုနှင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ လမ်းလျှောက်ခြင်းစသော လှုပ်လှုပ်ရှားရှားပြုမူနေထိုင်ကြပါက မကူးစက်နိုင်သော နာတာရှည်ရောဂါများဘေးမှ သိသိသာသာကင်းဝေးသွားမည်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာခြင်းနှင့် ချမ်းသာခြင်းကို အလိုရှိကြသော်လည်း ချမ်းသာခြင်းကိုသာ ဦးစားပေးဆောင်ရွက်နေကြပါက အချိန်ကြာလာသည်နှင့်အမျှ ကျန်းမာရေးချို့ယွင်းလာမည်သာဖြစ်ပါသည်။ လူ့အသက်ထက် အရေးကြီးတာဘာမှမရှိပါ။ ကျန်းမာခြင်းနှင့်ပြည့်စုံနေသရွေ့ ချမ်းသာအောင် ဆောင်ရွက်နိုင်သည်ဖြစ်ရာ လူ့ဘဝတွင် ကျန်းမာရေးသည်အဓိကဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပေသည်။

# မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ သပိတ်ကျင်းနှင့်ကသာဘက်သို့ ဆန်သီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၁၀၀ ကျော်ထိရှိလာ



**မန္တလေး မေ ၇**

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ သပိတ်ကျင်းနှင့် ကသာဘက်သို့ ဆန်သီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၁၀၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ဂေါဝိန်ဆိပ်ကမ်းမှ သပိတ်ကျင်းနှင့် ကသာဘက်သို့ ဆန်၊ ကြက်သွန်၊ ငရုတ်သီးနှင့်အခြားကုန်စည်အမျိုးမျိုးကို တင်ပို့လျက်ရှိကြောင်း၊ ၎င်းကုန်စည်များထဲတွင် ယခုလက်ရှိ ဆန်တင်ပို့မှုမှာ အများဆုံးဖြစ်နေပြီး ဆန်သီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ယခင်ကထက် ပိုမိုများပြားလာကြောင်း သိရသည်။

"အခုလတ်တလော ဂေါဝိန်ဆိပ်ကမ်းကနေ သပိတ်ကျင်းနဲ့ ကသာဘက်ကို ဆန်တင်ပို့မှုက တော်တော်လေး များလာတယ်။ သပိတ်ကျင်းနဲ့ ကသာဘက်ကနေ ဆန်မှာယူမှု များလာတာကြောင့် မန္တလေး ဂေါဝိန်ဆိပ်ကမ်းကနေ ဆန်သီးသန့်တင်ပို့တဲ့ ကုန်တင်သင်္ဘောတွေ ပြန်များလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဂေါဝိန်ဆိပ်ကမ်းမှ သပိတ်ကျင်းနှင့်ကသာဘက်သို့ ဆန်သီးသန့်တင်ပို့သည့်ကုန်တင်သင်္ဘောအစီးရေမှာ မတ်လ နောက်ဆုံးပတ်က အစီးရေ ၄၀ ကျော်သာရှိခဲ့သော်လည်း ဧပြီလ ပထမပတ်က ဆန်သီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၁၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"ဂေါဝိန်ဆိပ်ကမ်းကနေ ထီးချိုင့်၊ ကသာ၊ ဗန်းမော် စတဲ့မြို့တွေကို အခြားကုန်စည်တွေဖြစ်တဲ့ ငရုတ်၊ ကြက်သွန်အပြင် အဝတ်အထည်၊ အထည်အလိပ်နဲ့ လူသုံးကုန်ပစ္စည်းတင်ပို့တဲ့ ကုန်တင်သင်္ဘောတွေလဲ အနည်းငယ်ရှိပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်စသည့်မြို့များသို့ ကုန်ပစ္စည်းတင်ပို့သည့် ကုန်တင်သင်္ဘောစုစုပေါင်းအစီးရေ ၂၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မေ ၇**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ် အေးနေဆဲဖြစ်သော်လည်း တန်ဖိုးနည်းအကွက်ရိုက်မြေကွက်များ အဝယ်လိုက်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်အေးနေမှုကြောင့် ယခင်က ငွေကျပ်သိန်း ၁၀၀၀ အထက် ပေါက်ဈေးရှိသည့် လမ်းမတန်းပေါ် ပေ (၄၀× ၆၀) မြေကွက်များမှာ ယခုအခါ ငွေကျပ်သိန်း ၁၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဈေးကွက်မှာ အရောင်းအဝယ်က သိသိသာသာ ကျဆင်းနေတယ်။ အိမ်ခြံမြေဈေးကောင်းချိန်က အမြတ်ရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဝယ်ထားသူတွေလဲ တော်တော်များများရှိနေတယ်။ ဈေးအမြင့်နဲ့ ဝယ်ထားသူတွေ အခုအချိန်မှာ လျှော့ဈေးတွေနဲ့ ရောင်းနေကြရတယ်။ မြေကွက်ပိုင်ရှင်အများစုက အရှုံးခံရောင်းနေကြရပါတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုအေးက ပြောပြသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အကွက်ရိုက်မြေကွက်များမှာ မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ပေးချေရခြင်းကြောင့် ပို၍ ဝယ်ယူမှုများနေခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ အခြေခံလူတန်းစားများ အများဆုံးနေထိုင်ရာ ရပ်ကွက်များတွင်လည်း အိမ်အငှားသွက်နေပြီး ငှားရမ်းခနှုန်းထားများ ယခင်ထက် မြင့်တက်နေကာ ဆင်ခြေဖုံးရပ်ကွက်တွင် လူနေထိုင်ရန်အတွက် ငှားရမ်းမှု ပိုများကြောင်း သိရသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ခုနစ်သောင်းမှ ငါးသိန်းခန့်ထိ ရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့် ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ မှ သိန်း ၃၅၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညိုအေးထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး မေ ၇**

မန္တလေးဈေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မြစ်သားဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်း ကုန်သည်များအဝယ်ပြန်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း၊ ပြည်ပနိုင်ငံဖြစ်သည့်ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခုမြစ်သားဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို အချို့ကြက်သွန်နီလက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းရှင်တွေ အဝယ်တော်တော်များလာတယ်။မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေး ပြန်ပြီးကောင်းနေတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မတ်လနောက်ဆုံးပတ်က မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း မေ ၆ ရက် ပေါက်ဈေးအရ မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုကတော့ မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။အရောင်းအဝယ် အကောင်းဆုံးအနေအထားမှာရှိနေတာကတော့ မြစ်သားဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဧပြီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဥယျာဉ်ဇင်ကျေးရွာနှင့် ဒါးမနိုင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဥယျာဉ်ဇင်ကျေးရွာနှင့် ဒါးမနိုင်ကျေးရွာတို့၌ အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

မင်းဘူးမြို့နယ် ဥယျာဉ်ဇင်ကျေးရွာနှင့် ဒါးမနိုင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် သိန်း ၁၁၀ စီဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ၂၀၂၂ ခုနှစ်စက်တင်ဘာလ တတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။ **ခင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးစင်မောင်လှ-ဒေါ်နီလာစင်မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုက်ဦးမြဝင်း၊ အထွေထွေအတွင်းရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# စစ်တွေမြို့ရှိ ပွိုင့်ကမ်းခြေသို့ နှစ်ရာသီကျောင်းပိတ်ရက်အတွင်း တစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀ ကျော် လာရောက်လည်ပတ်



**စစ်တွေ ဧပြီ ၇**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပွိုင့်ကမ်းခြေသို့ နွေရာသီကျောင်းပိတ်ရက်အတွင်း တစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀ ကျော်ထိ လာရာက် လည်ပတ်နေကြောင်း စစ်တွေမြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဒေါ်ဇာဇာကြည်က ပြောပြ၍ သိရသည်။

စစ်တွေမြို့ရှိ ပွိုင့်ကမ်းခြေသို့ ပြီးခဲ့သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလက တစ်ရက်လျှင် ခရီးသွားဦးရေ ၁၀၀ ကျော်သာ လာရောက်လည်ပတ်ခဲ့ပြီး မတ်လဒုတိယပတ်မှ ဧပြီလ ပထမပတ်ထိ တစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀ ကျော်ထိ လာရောက် လည်ပတ်နေကြောင်း သိရသည်။

"နွေရာသီကျောင်းပိတ်ရက်မှာ ခရီးသွားတွေ အလာများနေပါတယ်။ စနေနဲ့ တနင်္ဂနွေရုံးပိတ်ရက်ဆို လာတဲ့ဧည့်သည်ကပိုများနေပါတယ်။ အခု ရေကစားကြသူတွေ၊ ဘောလုံးကစားကြသူတွေ၊ ပင်လယ်လှိုင်းစီးကြသူတွေ၊ ဓာတ်ပုံအလှရိုက်ကြသူတွေ၊ လာရောက်အပန်းဖြေကြသူတွေ၊ ဈေးရောင်းချသူတွေနဲ့ စည်ကားနေတယ်။ လာမဲ့သင်္ကြန်ကာလအတွင်း အခုထက် ခရီးသွားတွေ ပိုများလာမှာဖြစ်ပါတယ်။ အခု ပွိုင့်ကမ်းခြေကိုလာတဲ့ ခရီးသွားတွေထဲမှာ ရန်ကုန်က အများဆုံးလာရောက်ကြပါတယ်" ဟု စစ်တွေမြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဒေါ်ဇာဇာကြည်က ပြောပြသည်။

အဆိုပါကမ်းခြေသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်သည့် ခရီးသွားဧည့်သည် များပြားလာသည့်အတွက် ဟိုတယ်လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အကင်ဆိုင်များ၊ ရေခဲမုန့်ရောင်းချသူများ၊ အသုပ်မျိုးစုံ၊ အုန်းစိမ်းရည်၊ ကော်ဖီဆိုင်၊ ရခိုင်ရိုးရာမုန့်တီဆိုင်၊အကြော်ဆိုင်၊ အအေးမျိုးစုံ၊ အမှတ်တရပစ္စည်းရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ပင်လယ်ကမ်းခြေကို လူဦးရေအများအပြား လာရောက်လည်ပတ်နေတာတွေ့ရပါတယ်။ ဒီပွိုင့် ကမ်းခြေဟာ သဘာဝအလှအပခံစားကြချင်သူတွေအတွက် အထူးသင့်လျော်ပါတယ်။ စစ်တွေမြို့က အခုပွိုင့်ကမ်းခြေဟာ ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေ စိတ်ဝင်စားထင်ရှားတဲ့ ကမ်းခြေတစ်ခုဖြစ်ပါတယ်"ဟု ပွိုင့်ကမ်းခြေမှ စားသောက်ဆိုင်ပိုင်ရှင် ဒေါ်စန်းဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သပိတ်ကျင်းမြို့နယ် ပေါက်တပင်ကျေးရွာ၌ ရေထုတ်ယူသုံးစွဲနေမှု ကွင်းဆင်းစစ်ဆေး

**သပိတ်ကျင်း ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပေါက်တပင်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း၏ လက်ရှိအချိန်တွင် ရေထုတ်ယူသုံးစွဲနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ပေါက်တပင်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း၏ လက်ရှိအချိန်တွင် ရေထုတ်ယူသုံးစွဲနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပေါက်တပင်ကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံနှင့် အရှည်ပေ ၂၂၁၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၈၀၂ သန်းဖြင့် ကဘော်ရွှေမြေဆောက်လုပ်ရေးကုမ္ပဏီက ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစက်ရေတွင်းမှ ရေများကို ပေါက်တပင်ကျေးရွာရှိ အိမ်ခြေ ၁၃၄၁ အိမ်၊ လူ ၅၃၆၄ ဦးက အသုံးပြုလျက်ရှိပြီး စက်ရေတွင်း ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး ယခုကဲ့သို့ ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

# လယ်ဝေးမြို့နယ် ချားယားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေး

**နေပြည်တော် ဧပြီ ၇**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ချားယားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ချားယားကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သူရက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချားယားကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၇၈)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မမှာ ဝက်ခြံတွေ ပေါက်ပါတယ်။ ငယ်ငယ်ကမပေါက်ဘဲ အသက်ကြီးလာမှ မျက်နှာမှာ ဝက်ခြံ အတော်များများ ထွက်လာပါတယ်။ အထူးသဖြင့် နဖူးပေါ်က ဝက်ခြံတွေက မာမာစဲစဲအဖုငယ်လေးတွေဖြစ်ပြီး ညှစ်ရခက်ပါတယ်။ Skin care ဆိုင်တွေ သွားပြီး မျက်နှာအရေပြားကုသတာလဲ လေးခေါက်၊ ငါးခေါက်ရှိပါပြီ။ လေဆာ နဲ့လဲပစ်ပြီး ကုဖူးပါတယ်။ သေသေ ချာချာ မပျောက်ကင်းပါဘူးရှင့်၊ ကျွန်မဖြစ်တာ မှတ်မှတ်ရရမနှစ်က သင်္ကြန်မှာရေရိုခဲ့လို့ အိမ်ရောက်ရောက် ချင်း ခေါင်းလျှော်၊ ရေချိုးမိပါတယ်။ အဲဒီနောက်ပိုင်းကစပြီး ဝက်ခြံတွေထွက် လာပါတယ်။ သူများညွှန်တဲ့ ရှားစောင်း လက်ပပ်ချက်ဆေးတွေကိုလဲ အရသာ ရှိတာမို့ အတော်များများစားမိပါတယ်။ အဲဒီအတွက် စိတ်တွေညစ်ပြီး တစ်နေ့ ပျောက်နိုးနဲ့နေခဲ့တာ တစ်နှစ်ရှိပါပြီ။ ကျွန်မအတွက် ပျောက်ကင်းနိုင်မဲ့ နည်းလမ်းတွေရှိရင် ညွှန်ကြားပေးပါရှင့်။**

ဖြေ ။ ။ မျက်နှာမှာ ဝက်ခြံပေါက်သူအများစုဟာ ဝမ်းချုပ်သူတွေဖြစ်ပါတယ်။ ဝမ်းမချုပ်ပါစေနဲ့။ အသားနဲ့အညှီအဟောက်၊ ပုပ်တာ၊ ငန်တာတွေ ရှောင်စားပြီး အသီးအနှံကို များများစားပေးပါ။ ခန္ဓာကိုယ်ထဲမှာ အပူအပုပ်ကင်းစင်အောင် တစ်ပတ် တစ်ကြိမ်ဝမ်းနုတ်ပေးပါ။ ဝမ်းပုပ်ချပေးပါ။ ဒါမှမဟုတ် နေ့စဉ် မန်ကျည်းဖျော်ရည်ပုံမှန်သောက်ပေးပါ။ အပူအပုပ်အခိုးတွေမျက်နှာအထက်ကို မတက်စေဖို့ ရေချိုးတဲ့အခါတိုင်း ဒူးအထက်ကနေအောက်ကို ရေများများလောင်းပြီးမှ တဖြည်းဖြည်းခါးအထက် ကျော၊ လည်ကုပ်၊ ဦးခေါင်းထိတက်ပြီး လောင်းပေးပါ။ ညအိပ်ရာဝင် ဒူးအောက်ခြေနှစ်ဖက် ရေအေးအေးလောင်းပြီးမှ မျက်နှာသစ်ပါ။ သွားတိုက်ပါ။ ပြီးမှကျောက်ချဉ်ရည်နဲ့ သနပ်ခါးလိမ်းပါ။ ရယ်ဒီမိတ်အစာတွေ၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်တွေရှောင်ပါ။ သနပ်ခါးကလွဲလို့ မျက်နှာကိုဘာမှ မလိမ်းပါနဲ့။ စိတ်ပူပန်သူ၊ သောကများတဲ့သူတွေမှာ ဝက်ခြံပိုထွက်တတ်ပါတယ်။ ဆယ်တန်းဖြေတဲ့ ကလေးတွေဆိုရင် စာမေးပွဲဖြေခါနီးမှာ ဝက်ခြံတွေ ပိုထွက်တာတွေ့ရတတ်ပါတယ်။ မသန့်ရှင်းတဲ့လက်နဲ့ ညှစ်ရင် အမာရွတ်တွေ ကျန်တတ်ပါတယ်။ ကြော်ငြာပြီး ရောင်းချတဲ့ဆေးတွေကိုလဲ မိမိနဲ့ သင့်၊ မသင့်မသိဘဲ တအားမလိမ်းပါနဲ့။ မစားပါနဲ့။ မျက်နှာသစ်တဲ့အခါတိုင်းမှာမိမိနဲ့သင့်တဲ့မျက်နှာသစ်ဆပ်ပြာကို ရွေးချယ်သုံးစွဲပါ။ ဝယ်မရရင် ရေနွေးထဲမှာ ဆားခါး တစ်ဇွန်းထည့်၊ ရေအေးစပ်ပြီး မျက်နှာသစ်ပေးပါ။

ဝက်ခြံအတွက် ဆေးနည်းတိုတွေ-

၁။ မာပြီး ညှစ်မရတဲ့ ဝက်ခြံတွေအတွက် သဘော်ပင်ကထွက်တဲ့အစေးကို သနပ်ခါးနဲ့ရောစပ်လိမ်းပါ။

၂။ ရှားစောင်းလက်ပပ်အနှစ်ကို ပျားရည်နဲ့ရော၊ ကြေညက်အောင်ခေါက်ဖျော်ပြီး မျက်နှာမှာ လိမ်းပေးပါ။ ၁၅ မိနစ်လောက်ထားပြီး မျက်နှာသစ်ပါ။

၃။ ဆီးဖြူသီးခြောက်ကို အမှုန့်ပြုပြီး သနပ်ခါးနဲ့ ရောစပ်လိမ်းပါက ဝက်ခြံကြောင့်ဖြစ်တဲ့အမည်းစက်တွေ ပျောက်ကင်းစေပါတယ်။

၄။ တစ်လုံးတည်းပေါက်တဲ့ ဝက်ခြံကြီးတွေကို ဩဇာသီးအစေ့သွေးလိမ်းပါ။

၅။ ဝက်ခြံတွေစုဖုံပြီး ပြည်တည်နေရင် ဂျုံမှုန့်ကို သံပရာရည်နဲ့ ရောနယ်ပြီး အုံပေးပါ။

၆။ ကျားမနိုင်မြစ်ကို ညအိပ်ရာဝင်တိုင်း သွေးလိမ်းပေးပါ။

၇။ ဝက်ခြံအမာရွတ်တွေဖြစ်ရင် ကွမ်းသီးခြမ်းကိုသွေးလိမ်းပါ။

၈။ ဝက်ခြံအမာရွတ် အမည်းစက်ဖြစ်ရင် စန္ဒကူးနီအခေါက်ကို (ပရဆေးဆိုင်မှာဝယ်) သွေးလိမ်းပါက အမာရွတ်တွေ ပျောက်ပါတယ်။

၉။ သနပ်ခါးအမြစ်ကို သံပရာရည်နဲ့ ရောသွေးလိမ်းပါက ဝက်ခြံတွေ ထပ်မံထွက်တာကနေ ကာကွယ်နိုင်ပါတယ်။



ဆေးဖက်ဝင် သက်ရင်းကြီးပင်ကို တွေ့ရစဉ်။

**မေး ။ ။ မင်္ဂလာပါဆရာ။ ကျွန်မအသက် ၃၆ နှစ်ပါ။ ကိုယ်အလေးချိန် ၆၄ ကီလိုဂရမ်ရှိပါတယ်။ ဩစတြေးလျနိုင်ငံမှာနေထိုင်ပါတယ်။ ဆီးဝမ်းမှန်အိပ်ပျော်ပြီး သွေးသားလဲကောင်းပါတယ်။ မကောင်းတာ တစ်ခုကတော့ ညာဘက်ခြေဖနောင့်နာတာကြာပါပြီဆရာ။ မနက်အိပ်ရာထရင်နာပြီး သွေးပူရင်မနာတော့ပါဘူး။ အခုနောက်ပိုင်းမှာတော့ အလုပ်ကလဲ လမ်းလျှောက်များတော့ တအားနာလာပြီး နောက်ဆက်တွဲ ညာဘက်ပေါင်နောက်ကပါ အကြောညပ်သလို အကြောတင်းပြီး ခြေချောင်းတွေပါ ထုံကျဉ်လာပါတယ်။ လမ်းလျှောက်တာ ရပ်ထားရင် သက်သာပါတယ်။ ဒီမှာ ဆေးခန်းပြတော့ ခေတ်မှန်တွေရိုက်ပါတယ်။ ခြေဖနောင့်မှာ အနည်းငယ်ရောင်နေတယ်ပဲပြောပါတယ်။ အရိုးအဆစ်တွေကောင်းပါတယ်။ သောက်ဆေးတွေ ပေးပါတယ်။ သောက်လိုက်ရင် အနာသက်သာပါတယ်။ နောက်ပိုင်း အလုပ်ပြန်လုပ်တော့ ပြန်နာလာပါတယ်ဆရာ။ လမ်းလျှောက်ရင် ပေါင်နောက်ဘက်က အကြောကတင်းပြီး နာနေပါတယ်ဆရာ။ အကြောညပ်သလို ထင်ရပါတယ်။ ကျေးဇူးပြုပြီး အဖြေလေး ဖြေပေးပါဆရာ။ အကြံဉာဏ်တွေ ရနိုင်မလားလို့ တောင်းခံပါတယ်။**

ဖြေ ။ ။ ပြောပုံအရခန့်မှန်းကြည့်ရတာ ညာဘက်ခြေက ဘယ်ဘက်ခြေထက်နိမ့်နေတာ ဒါမှမဟုတ် ပိုရှည်နေတာဖြစ်နိုင်ပါတယ်။ အနောက်တိုင်းဆေးပညာအရ Dislocation Leg လို့ခေါ်ပါတယ်။ မြန်မာလိုကတော့ တင်ပါးခွက်လျှောတာ ဒါမှမဟုတ် တင်ပါးခွက်တက်တာပေါ့။ ကုသပေးတဲ့ဆရာက သေချာစစ်ဆေးပေးဖို့ လိုပါတယ်။ လူနာကိုအိပ်ခိုင်း၊ ဒူးဆစ်ကနေဖိထားပြီး ဖနောင့်နှစ်ဖက်ဘေးချင်းကပ် တစ်ဖက်နဲ့တစ်ဖက် အတိုအရှည်ညီ၊ မညီ တိုင်းကြည့်ရပါမယ်။ အခုခံစားချက်ဖြစ်နေတဲ့ ညာဘက်ခြေဖနောင့်မှာ ပေတံထောက်ပြီး ကျန်ဖနောင့်ထက် တိုနေသလား၊ ရှည်နေသလားဆိုတာကို တိုင်းကြည့်ရမှာပါ။ ခြေတစ်ဖက်တိုနေရင် အောက်ကိုဆွဲချ၊ ဆွဲဆန့်ပြုလုပ်ပေးရပါမယ်။ အခြားတစ်ဖက်ထက် ခြေထောက်က ရှည်နေရင်၊ ဖနောင့်ပိုထွက်နေရင် တွန်းတင်၊ ခြေညီအောင်ညှိ၊ ညီတဲ့ထိအောင် အကြိမ်ကြိမ်ပြန်တိုင်း လိုက်တွန်းတင်လုပ်ရပါတယ်။ ဒါကို အကြောပြင်မှာ ခြေညီအောင် ညှိတယ်လို့ခေါ်ပါတယ်။ ခြေထောက်မညီလို့ ဖနောင့်တစ်ဖက်ထွက်နေရင် ဒါမှမဟုတ် နိမ့်နေရင် ဘာဆေးပဲစည်းစည်း၊ လိမ်းလိမ်း ဖနောင့်နာက မပျောက်ပါ။ ခြေညီမှပဲ ပျောက်နိုင်ပါတယ်။ တင်ပါးခွက်လျှောတာ၊ တက်တာကြာရင် ပေါင်နောက်ကြောကနေ ခါးဆစ်ထိ အကြောရောင်ပြီး ကြွက်သားတွေပါ နာလာတတ်ပါတယ်။ ဒါကြောင့် ဖနောင့်နာကုရာမှာ တင်ပါးခွက်နဲ့ ခါးဆိုင်းကြောတွေထိအောင် အကြောပြင်ပေးတာ၊ နှိပ်နယ်ပေးတာ ပြုလုပ်ပေးရပါမယ်။

ဖနောင့်နာ သက်သာစေနိုင်တဲ့ ဆေးနည်းတွေ-

၁။ ဖနောင့်ကို မနက်အိပ်ရာထ၊ ညအိပ်ရာဝင် ဆားရည်နွေးနွေးစိမ်ပေးပါ။

၂။ ညအိပ်ရာဝင်ခါနီး ခြေဖနောင့်နဲ့ ခြေဖဝါးကိုဆားပွတ်ပြီး ရေလောင်းခြေဆေးပေးပါ။

၃။ သက်ရင်းကြီးရွက်ကိုထောင်းပြီး ဆားအနည်းငယ်နဲ့ ရောနယ်၊ ဖနောင့်မှာ အုံပြီး ပတ်တီးစည်းထားပေးပါ။

၄။ ဖနောင့်အသားရောင်ရင် သံပရာသီးနဲ့ ပွတ်တိုက်၊ သံပရာရည်နဲ့ ပျားရည် ရောစပ်လိမ်းပေးပါ။

၅။ ဖနောင့်အက်ကွဲရင် နှမ်းဆီ၊ ပျားရည်၊ ထောပတ်သုံးမျိုးရောစပ်ပြီး လိမ်းပေးပါ။

၆။ မိကျောင်းကွမ်းဖတ်(ပရဆေးဆိုင်မှာဝယ်)အမှုန့်ထောင်းပြီး အုန်းဆီနဲ့ ဖျော်လိမ်းပါက ဖနောင့်ကွဲ၊ ဖနောင့်နာ သက်သာစေပါတယ်။

၇။ ဖနောင့်အတက်ထွက်ရင် ဆား နှစ်ပိဿာကို အင်တုံ ဒါမှမဟုတ် ပလတ်စတစ်ဇလုံမှာ ထည့်ပြီးနင်းပေးပါ။ ၁၅ မိနစ်ကြာအောင်နင်းပါ။ ငါးမိနစ် တစ်ကြိမ် ဖနောင့်ကို ရေဆေးလိုက်၊ နင်းလိုက်လုပ်ရင် ပိုကောင်းပါတယ်။ ဖနောင့်နာ သက်သာစေပါတယ်။

၈။ ခန္ဓာကိုယ်အလေးချိန်များပြီး ဖနောင့်နာရင် အစားလျှော့စားပါ။ ဝိတ်ချပါ။ ဖနောင့်မှာ ပျော့တဲ့၊ အိစက်တဲ့ဖိနပ်မျိုးကိုစီးပါ။

၉။ ဖနောင့်အတက်ချွန်ထွက်ပြီး နာရင် ဖီးကြမ်းငှက်ပျောသီးအခွံကို အတွင်းသားဘက်မှ ဖနောင့်မှာကပ်ပြီး ပတ်တီးစည်းထားပါ။ ညအိပ်ရာဝင်ရင်စည်းပြီး မနက်အိပ်ရာထရင်ဖြေ၊ ခုနစ်ရက်လောက် ဆက်တိုက်ပြုလုပ်ပေးပါ။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်တို့ အလုပ်က သန့်ရှင်းရေးအလုပ်ပါ။ ရေမြောင်းတွေအတွင်း ဆင်းဆယ်ရာကပေါင်ဖြံနဲ့ ခြေသလုံးတွေမှာ ပွေးကွက်တွေထွက်လာပါတယ်။ ကုတ်ရင်တအားယားပြီး သွေးစို့အောင်ကုတ်ရပါတယ်။ ယားနာလိမ်းဆေးတွေလိမ်းပေမဲ့ အရှင်းမပျောက်ပါ။ ပွေးကွက်မှာ ဘေးနှုတ်ခမ်းသားတွေ ထူပြီးမွှေးထွက်ရင် ပိုယားပါတယ်။ ဘယ်လိုလုပ်ရမလဲ ပြောပြပေးပါ။**

ဖြေ ။ ။ မသန့်ရှင်းတဲ့ရေထဲ ဆင်းရတဲ့သူဆိုရင် ပွေးပေါက်ပါက ပွေးကိုင်း၊ မဲဇလီရွက်ကို ချေပြီး ပွတ်တိုက်ပေးပါ။ အရွက်ကြမ်းကြမ်းတွေကို ချေယူပွတ်တိုက်ပါ။ ပွတ်တိုက်ပြီး သွေးစို့ရင် အုန်းသီးခွံကို မီးရှို့ကာ ထွက်လာတဲ့အဆီကို သုတ်လိမ်းပေးပါက ပွေးကွက်တွေပျောက်ကင်းနိုင်ပါတယ်။ တစ်နည်းပြောရရင် ပွေးကိုင်း၊ မဲဇလီရွက်ကိုအခြောက်လှန်းပြီး လက်ဖက်ခြောက်လို ရေနွေးနဲ့နေ့စဉ်သောက်ပေးရင် တစ်ကိုယ်လုံးပေါက်တဲ့ ပွေးကြီးရောဂါပျောက်ကင်းနိုင်ပါတယ်။ ဒါ့ပြင် ဂုံမင်းသီး၊ နန်းလုံးကြိုင်သီး၊ ကျည်းသီးဆန်တွေကို မီးဖုတ်အမှုန့်ထောင်းပြီး နှမ်းဆီနဲ့ ဖျော်လိမ်းပေးပါ။ ပွေးကွက်တအားယားရင် လက်နဲ့မကုတ်ဘဲ ကြက်သွန်ဖြူဥတစ်လုံးကိုလှီး ထွက်လာတဲ့အစေးနဲ့ ပွတ်တိုက်ပေးပါက အယားသက်သာစေပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကလေးနှာခေါင်းသွေးယိုရင် ဘယ်လိုလုပ်ရပါမလဲ။**

ဖြေ ။ ။ နှာခေါင်းသွေးယိုရင် နားနောက်ခွက်ရှိ ချိုင့်ငယ်လေးအတွင်း ရေခဲကိုအဝတ်နဲ့ထုပ်ပြီး ကပ်ပေးပါက နှာခေါင်းသွေးယိုရပ်ပါတယ်။ ဒါ့ပြင် မာလကာရွက် ဒါမှမဟုတ် ဩဇာရွက်ကိုခြေပြီးရှူပေးပါ။ နှာခေါင်းသွေးအယိုများရင် သံပရာသီးစိတ်ကို အစေ့မပါအောင်ဖယ်ပြီး နှာခေါင်းထဲကိုညှစ်ထည့်ပါ။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး မြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပဲမျိုးစုံတင်ပို့မှုမှ ကန်ဒေါ်လာ ၁၄၂၈ ဒသမ ၃၄၁ သန်းရရှိခဲ့

**ရန်ကုန် ဧပြီ ၇**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၂၈ ဒသမ ၃၄၁ သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း (ရန်ကုန်တိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဦးသက်လွင်ထံမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပဲမျိုးစုံတင်ပို့ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ၁၅၉၃၅၈၉ ဒသမ ၉၃၆ တန်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ၂၇၀၁၈၅ ဒသမ ၇၆၄ တန် စုစုပေါင်း ပဲမျိုးစုံ ၁၈၆၃၇၇၅ ဒသမ ၇ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၄၂၈ ဒသမ ၃၄၁ သန်း ရရှိခဲ့ကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ ပဲမျိုးစုံ ၁၅၉၃၅၈၉ ဒသမ ၉၃၆ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၂၂၇ ဒသမ ၀၈၆ သန်းရရှိခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ ပဲမျိုးစုံ ၂၇၀၁၈၅ ဒသမ ၇၆၄ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၂၅၅ သန်းရရှိခဲ့ပါတယ်။ ဒါကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ပဲမျိုးစုံ ၁၈၆၃၇၇၅ ဒသမ ၇ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၄၂၈ ဒသမ ၃၄၁ သန်း ရရှိခဲ့ပါတယ်"ဟု ဗဟိုအလုပ်အမှုဆောင် ဦးသက်လွင်က ပြောပြသည်။

မြန်မာနိုင်ငံ စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံ စိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ဧက၏ ၇၂ ရာခိုင်နှုန်းမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများ စိုက်ပျိုးကြခြင်းဖြစ်ပြီး ပဲလွန်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများလည်း အနည်းငယ် စိုက်ပျိုးကြကြောင်း သိရသည်။

ASH



# မြဝတီမြို့နယ် မင်းလက်ပံကျေးရွာ၌ နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးနှင့် စက်ရေတွင်းများ ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေး

**မြဝတီ ဧပြီ ၇**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလူးကျေးရွာအုပ်စု မင်းလက်ပံကျေးရွာ၌ နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးနှင့် စက်ရေတွင်းများကြံ့ခိုင်မှု ရှိ၊ မရှိ အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ မင်းလက်ပံကျေးရွာ၌ စက်ရေတွင်းကြံ့ခိုင်မှု ရှိ၊ မရှိနှင့် ရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သောက်သုံးရေဖူလုံစွာပေးဝေနိုင်ရေး ကျေးရွာရေပေးရေး ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ပြုပြင်ဆောင်ရွက်ရန်၊ လိုအပ်ပါက အချိန်နှင့် တစ်ပြေးညီတင်ပြသွားရန် ဆွေးနွေးမှာကြားသည်။

မင်းလက်ပံကျေးရွာ၌ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်၍ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တွင် ရေသိုလှောင်ထားရှိပြီး အိမ်ခြေ ၅၉၀ ကျော်က လာရောက်ခပ်ယူသုံးစွဲလျက်ရှိကြောင်း၊ ယခုနှစ် နွေရာသီတွင် ကျေးရွာအတွက် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ပြောပြ၍ သိရသည်။

ကိုသက်

## နေ့သစ်မေတ္တာ

\- နေ့ရက်တွေ လှစေရင်း<br>
ဖြတ်ကျော်ခြင်း မေတ္တာဆင်၊<br>
စေတနာ ဝေဖြာအလှနဲ့<br>
ချစ်ကြခင်မင်၊<br>
ဖေးမကြ မြဲအစဉ်<br>
တွဲတူယှဉ် နေထိုင်ကြ၊<br>
ဂုဏ်ဒြပ်တွေ မခွဲခြားနဲ့<br>
လူသားတူမျှ။

\- မေတ္တာဝေ အေးမြမြ<br>
တွေးဆဆ နေထိုင်ပါ၊<br>
ဘဝမှာ လူဖြစ်ခိုက်<br>
စိတ်မိုက်ဖယ်ခွာ၊<br>
စိတ်အတွင်း ပန်းဥယျာဉ်ဟာ<br>
မွှေးရနံ့ဖြာ ကောင်းခြင်းတွေ၊<br>
အပြင်မှာ ဂုဏ်သတင်းတွေက<br>
ပျံ့သင်းစေလေး။

\- မေတ္တာခြုံ ရင်မှာအေးသမို့<br>
ပွားများပေး အမြဲနေ၊<br>
ရင်မှတည် မြတ်ဓမ္မနဲ့<br>
နှလုံးလှစေ၊<br>
တရားက အေးငြိမ်းပေ<br>
ကျင့်ကြံချေ အကျိုးရှိ၊<br>
နေ့သစ်တွေမှာ တရားမှုတွေနဲ့<br>
ပြုကြအသိ။ ။

မြင့်မိုရ်လင်း(ချောင်းဆုံ)

# သာပေါင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေး

**သာပေါင်း ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွာပြာကုန်းကျေးရွာအုပ်စု ရွာပြာကုန်းကျေးရွာအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ရွာပြာကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရွာပြာကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသားအသင်းသူ ၇၆ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သက်မာ

## နိုင်ငံတကာ သတင်းများ

# ရုရှားနှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးများ ပင်လယ်နက်ကောက်ပဲသီးနှံသဘောတူညီချက်ကိစ္စ ဆွေးနွေး



**အင်ကာရာ ဧပြီ ၇**

ရုရှား ဓာတ်မြေဩဇာနှင့် ကောက်ပဲသီးနှံထုတ်ကုန်များ ပို့၍ လွတ်လွတ်လပ်လပ်တင်ပို့ခွင့်ရရေးအတွက် အကန့်အသတ်များဖယ်ရှားရန်လိုအပ်မှုကို ရုရှားနှင့် တူရကီတို့က ယနေ့တွင် သဘောတူခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂကြားဝင်မှုဖြင့်ရယူထားသော ယူကရိန်း ကောက်ပဲသီးနှံများ ပင်လယ်နက်ဆိပ်ကမ်းများမှ တင်ပို့ခွင့်ဆိုင်ရာ သဘောတူညီချက်ကိုလည်းလာမည့်လအလွန်တွင် သက်တမ်းထပ်တိုးရန် ရုရှားနှင့်တူရကီတို့က သဘောတူခဲ့ကြသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မီဗလွတ် ကာဗူဆိုဂလူတို့သည် ယနေ့တွင် အင်ကာရာမြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် အဆိုပါအတိုင်းသဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ရုရှား စိုက်ပျိုးရေးပို့ကုန်များအတွက် အနောက်အုပ်စုနိုင်ငံများက အကန့်အသတ်များဆက်ထားမည်ဆိုပါက မိမိတို့အနေဖြင့် ပင်လယ်နက်ကောက်ပဲသီးနှံသဘောတူညီချက်မှဘောင်ပြင်ပသို့ ထွက်ရနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်း ရယူခဲ့သော ပင်လယ်နက်ကောက်ပဲသီးနှံသဘောတူညီချက်အရ ရုရှားရေတပ်က ပိတ်ဆို့ထားသော်လည်း ယူကရိန်း ကောက်ပဲသီးနှံများကို ပင်လယ်နက်ဆိပ်ကမ်းများမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ခွင့်ရထားသည်။

အဆိုပါ သဘောတူညီချက်ကို ရက်ပေါင်း ၆၀ သက်တမ်းထပ်တိုးပေးမည်ဟုရုရှားနိုင်ငံက ပြီးခဲ့သည့်လအတွင်းက ကြေညာထားကြောင်း သိရသည်။

KKO

# ပျောက်ဆုံးနေသော ဂျပန်ရဟတ်ယာဉ်၏ အစိတ်အပိုင်းများ ရှာဖွေတွေ့ရှိထား

**တိုကျို ဧပြီ ၇**

မီယာကိုဂျီးမား ကျွန်းအနီး ပင်လယ်ရေပြင်အတွင်း လူဦးရေ ၂၀ လိုက်ပါသွားသည့်ဂျပန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ပြီးနောက် ဂျပန်စစ်ဘက်နှင့် ကမ်းခြေစောင့်တပ်တို့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူအိတ်ချ်-၆၀ ဘလက်ဟော့စ် အမျိုးအစား အဆိုပါစစ်ဘက်သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်သည် ဧပြီ ၆ ရက်တွင် မီယာကိုဂျီးမားကျွန်း ဂျပန်ကြည်းတပ်တပ်စခန်းတစ်ခုမှ ပျံတက်ခဲ့ပြီးနောက်ရေဒါမြင်ကွင်းမှကွယ်ပျောက်ခဲ့ရသည်။

အဆိုပါရဟတ်ယာဉ်ပျောက်ဆုံးခဲ့ပြီးနောက် ယင်းရဟတ်ယာဉ်၏ အစိတ်အပိုင်းများအဖြစ် ယူဆရသောအပျက်အစီးများကို ယနေ့တွင် ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

ယင်းရဟတ်ယာဉ်သည် မီယာကိုဂျီးမားကျွန်းနှင့် အိုင်ရာဘူကျွန်းတို့ကြား ပင်လယ်ရေပြင်အတွင်း ပျက်ကျခဲ့ဖွယ်ရှိကြောင်း ဂျပန်တာဝန်ရှိသူများက သုံးသပ်ထားသည်။

မီယာကိုဂျီးမား ကျွန်းသည် ဂျပန်ကြည်းတပ်၏ သင်္ဘောဖျက်ဒုံးကျည်စနစ်များ တပ်စွဲထားရာကျွန်းတစ်ကျွန်းဖြစ်သည်။

အရှေ့တရုတ်ပင်လယ်မှ ပစိဖိတ်သမုဒ္ဒရာအတွင်း သွားရောက်မည့် တရုတ်ရေတပ် စစ်သင်္ဘောများသည် တစ်ခါတစ်ရံ မီယာကိုဂျီးမားကျွန်းကို ဖြတ်သန်းလေ့ရှိကြောင်း သိရသည်။

KKO

# မက္ကဆီကိုစီးတီးမြို့ရှိ လက်ကားဈေးကြီး မီးလောင်မှု ဖြစ်ပွား

**မက္ကဆီကိုစီးတီး ဧပြီ ၇**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့ရှိ လက်ကားဈေးကြီးတစ်ခုတွင် ဧပြီ ၆ ရက် ညပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးသတ်သမား ဦးရေ ၂၀၀ တို့ဖြင့် မီးကိုငြိမ်းသတ်ခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဘတ်စတို ဗဟိုဈေးအမည်ရှိ အဆိုပါ လက်ကားဈေးမီးလောင်မှုကြောင့် သေဆုံးဒဏ်ရာရသူမရှိကြောင်း မက္ကဆီကိုစီးတီးမြို့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဘတ်စတို ဗဟိုဈေးမီးလောင်ကျွမ်းမှုသည် ကုန်ပစ္စည်းတင် သစ်သားကပ်များ၊ ပုံးများ၊ စင်များ တည်ဆောက်ထားရှိရာ နေရာတွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် အဆိုပါနေရာပျက်စီးခဲ့ရသော်လည်း ကျန်ဈေးဆိုင်တန်းများမှာ ယနေ့တွင် ဖွင့်လှစ်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

အဘတ်စတို ဗဟိုဈေးကြီးသည် မက္ကဆီကိုစီးတီးမြို့၏ လူနေအထူထပ်ဆုံးရပ်ကွက်ဖြစ်သည့် အိုင်ဇတာပလာပါရပ်ကွက်တွင် တည်ရှိနေသည်။

မြေဧက ၈၀၀ ကျော် ပေါ်တွင် တည်ဆောက်ထားသည့် ယင်းဈေးရုံသည် မက္ကဆီကိုနိုင်ငံက ထုတ်လုပ်သည့် စားသောက်ကုန် ၃၀ ရာခိုင်နှုန်းကို ဖြန့်ချိပေးနေသော လက်ကားဈေး ဖြစ်ကြောင်း သိရသည်။

KKO



# လက်ဘနွန်နိုင်ငံနှင့် ဂါဇာကမ်းမြောင်ဒေသများရှိပစ်မှတ်များကို အစ္စရေးစစ်ဘက်တိုက်ခိုက်

**ဂျေရုဆလင် ဧပြီ ၇**

အစ္စရေးစစ်ဘက်တိုက်လေယာဉ်များသည် ယနေ့နံနက်ပိုင်းတွင် လက်ဘနွန်နိုင်ငံနှင့်ဂါဇာကမ်းမြောင်ဒေသများရှိ ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လက်ဘနွန် နိုင်ငံဘက်ခြမ်းမှ တစ်ဆင့်ဒုံးကျည်ပစ်လွှတ်တိုက်ခိုက်မှုများအား တုံ့ပြန်သည့်အနေဖြင့် အစ္စရေးလေတပ်က လက်ဘနွန်နှင့် ဂါဇာကမ်းမြောင်တို့ရှိ ဟားမစ်အုပ်စုပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။



ယနေ့တွင် အမည်မသိအဖွဲ့တစ်ဖွဲ့ကလက်ဘနွန်နိုင်ငံဘက်ခြမ်းမှတစ်ဆင့် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒုံးကျည် ၃၄ စင်းထိ ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

ယင်းဒုံးကျည်များအနက် ၂၅ စင်းကိုအစ္စရေးလေကြောင်းရန်ကာကွယ်ရေးတပ်များက ပစ်ချနိုင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဒုံးကျည် ပစ်ခတ်တိုက်ခိုက်မှုများအတွက် ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ထားသော ဟားမစ်အုပ်စုတွင်တာဝန်ရှိကြောင်းအစ္စရေးစစ်ဘက်က ပြောကြားထားသည်။

ယင်းတိုက်ခိုက်မှုကိုတုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်လေယာဉ်များသည် ယနေ့နံနက်ပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမစ်အုပ်စုပစ်မှတ် ၁၀ခုနှင့်လက်ဘနွန်တောင်ပိုင်းရှိ ဟားမစ်အုပ်စုပစ်မှတ်သုံးခုတို့ကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

KKO

# မြောက်ကိုရီးယားအပေါ်ချမှတ်ထားသော ပိတ်ဆို့မှုစည်းမျဉ်းများအကောင်အထည်ဖော်ရန် ဂျပန်နိုင်ငံသို့ စစ်လေယာဉ်တစ်စင်း ကနေဒါစေလွှတ်မည်

**အော့တာဝါ ဧပြီ ၇**

မြောက်ကိုရီးယားအပေါ်ချမှတ်ထားသော ကုလသမဂ္ဂလုံခြုံရေးကောင်စီအရေးယူပိတ်ဆို့မှုများကို အကောင်အထည် ဖော်မှုများအား ကူညီရေးအတွက် ကနေဒါနိုင်ငံက ဂျပန်နိုင်ငံသို့ စစ်လေယာဉ်တစ်စင်း စေလွှတ်ထားမည် ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဧပြီ ၆ ရက်တွင် ဖော်ပြခဲ့သည်။

ကနေဒါဘုရင့်လေတပ်မှ စီပီ-၁၄၀အော်ရိုရာ အမျိုးအစား ကင်းထောက်လေယာဉ်တစ်စင်းအား ဂျပန်နိုင်ငံသို့ စေလွှတ်မည့်အစီအစဉ်ကို ကနေဒါကာကွယ်ရေးဝန်ကြီး အနီတာအာနန်းက ဧပြီ ၆ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကနေဒါစစ်လေယာဉ်သည် ဂျပန်နိုင်ငံသို့ ရောက်ရှိပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမြောက်ကိုရီးယား အရေးယူပိတ်ဆို့မှု စည်းမျဉ်းများအား ချိုးဖောက်နေကြောင်း သံသယရှိရသည့်လုပ်ရပ်များကို ရက်သတ္တခြောက်ပတ်ကြာထိ စောင့်ကြည့်ပေးမည်ဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် တိုက်ချင်းပစ် ဒုံးကျည်စမ်းသပ်မှုများနှင့် နျူကလီးယားလက်နက်ထုတ်လုပ်မှုအစီအစဉ်များကြောင့် ၂၀၀၆ ခုနှစ်မှစ၍ ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများနှင့် စတင်ရင်ဆိုင်ခဲ့ရသည်။

ဂျပန်နိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း ကနေဒါစစ်လေယာဉ်သည် ကုလသမဂ္ဂက ပိတ်ပင်ထားသည့်ပစ္စည်းများနှင့် လောင်စာဆီများအား သင်္ဘောချင်းကပ်၍ လွှဲပြောင်းသယ်ယူမှုကဲ့သို့ လုပ်ဆောင်ချက်များကို စောင့်ကြည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့်လအတွင်းကပင်နျူကလီးယားတိုက်ခိုက်မှု ပြုလုပ်နိုင်သည့် မောင်းသူမဲ့ ရေငုပ်ယာဉ်တစ်စီးကို စမ်းသပ်ခဲ့ကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က HIMARS ဒုံးကျည်သုံးစင်း ပစ်ချနိုင်ခဲ့



ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက အမေရိကန်ထုတ် HIMARS ဒုံးကျည်သုံးစင်းကို ကြားဖြတ်ပစ်ချနိုင်ခဲ့ပြီး ယူကရိန်းနိုင်ငံအတွင်း မောင်းသူမဲ့လေယာဉ်သုံးစင်းကိုလည်း ပစ်ချဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး Igor Konashenkov က မေ ၄ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် Kupyansk စစ်ဆင်ရေးဒေသတွင် ယူကရိန်းတပ်ဖွဲ့ဝင် ၃၀ ကျော်ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း Konashenkov က ပြောကြားသည်။

Kupyansk စစ်ဆင်ရေးဇရိယာအတွင်း အနောက်ပိုင်းစစ်ဒေသခရိုင်မှ တိုက်ခိုက်ရေးအဖွဲ့များ၊ လေယာဉ်နှင့် အမြောက်လက်နက်များသည် Kharkov ဒေသရှိ Dvurechnaya၊ Sinkovka နှင့် Berestovoye အခြေချနေထိုင်ရာနေရာများအနီးရှိ ယူကရိန်းတပ်ဖွဲ့များကို ထိုးစစ်ဆင်ချေမှုန်းတိုက်ခိုက်ခဲ့ရာရန်သူအင်အား ၃၀ ကျော်၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ် နှစ်စီး၊ မော်တော်ယာဉ် တစ်စီးနှင့် D-20 ဟောင်ဝစ်ဇာအမြောက် တစ်လက်တို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

Krasny Liman ရှေ့တန်းစစ်မျက်နှာတွင် ဗဟိုစစ်ဒေသခရိုင်မှ တိုက်ခိုက်ရေးတပ်ဖွဲ့များ လေယာဉ်များ၊ အမြောက်များနှင့် အကြီးစား Flamethrower Systems မီးခိုးပုံးပစ်လွှတ်သည့် စနစ်များသည် Lugansk နှင့် Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ ယူကရိန်းတပ်ဖွဲ့များကို ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းခဲ့ရာ တပ်ဖွဲ့ဝင် ၂၂၅ ဦး၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ် သုံးစီး၊ Gvozdika ယာဉ်တင် ဟောင်ဝစ်ဇာအမြောက် တစ်စီး၊ D-30 ဟောင်ဝစ်ဇာအမြောက် တစ်လက်တို့ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။

Donetsk စစ်ဆင်ရေးနယ်မြေတွင် ယူကရိန်းတပ်ဖွဲ့ဝင် ၆၅ ဦး၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ် လေးစီး၊ မော်တော်ယာဉ်နှစ်စီးနှင့် D-30 ဟောင်ဝစ်ဇာအမြောက် တစ်လက်တို့တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် Kherson စစ်ဆင်ရေးဇရိယာတွင် ယူကရိန်းတပ်ဖွဲ့ဝင် ၁၀ ဦး၊ မော်တော်ယာဉ်နှစ်စီးနှင့် D-30 ဟောင်ဝစ်ဇာအမြောက် နှစ်လက်တို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် ယူကရိန်း စစ်ဘက်၏ ဒုံးကျည်၊ အမြောက်လက်နက် တပ်ဆင်ရေးစခန်း တစ်ခုနှင့် အမြောက်ကျည် သိုလှောင်ရုံသုံးရုံတို့ကိုတိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း Konashenkov က ပြောကြားသည်။

"စစ်ဆင်ရေး၊ နည်းဗျူဟာမြောက်လေကြောင်းတပ်ဖွဲ့၊ ဒုံးကျည်တပ်တွေနဲ့ အမြောက်တပ်တွေက စစ်ဆင်ရေးနယ်မြေ ၉၆ နေရာမှာရှိတဲ့ ယူကရိန်းအမြောက်တပ်ရင်း၊တပ်ဖွဲ့ အမြောက်ပစ်ခတ်တဲ့နေရာ ၈၃ ခု၊ တပ်ရင်း၊တပ်ဖွဲ့တွေ၊ စစ်လက်နက်ပစ္စည်းတွေ ဖြန့်ခွဲချထားရာနေရာတွေကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**Russian air defenses intercept three US-made HIMARS rockets in Ukraine operation ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ် (PLA) က WZ-7 ကင်းထောက်ဒရုန်းမျိုးကွဲသစ်ကို ထုတ်ဖော်ပြသ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) တောင်ပိုင်း စစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်သည် ရေတပ်သုံးဗားရှင်း GUIZHOU WZ-7 ကင်းထောက်ဒရုန်းမျိုးကွဲသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း မတ် ၃၁ ရက်က The Defense Post တွင် ရေးသားဖော်ပြခဲ့သည်။ ၎င်းသည် အမေရိကန်ရေတပ်၏ MQ-4C TRITON နှင့် အချို့အချက်များ တူညီကြောင်း တွေ့ရှိရသည်။

အမေရိကန်ရေတပ်သတင်း NAVAL NEWS ၏ အစီရင်ခံစာအရ တာဝေးမစ်ရှင်များတွင် မြင်ကွင်းလွန်ဆက် သွယ်ရေးအတွက် လိုင်းထုတ်လွှင့်မှုကိရိယာကို WZ-7 ကင်းထောက်ဒရုန်း၏ ရှေ့ကိုယ်ထည်တွင် တပ်ဆင်ပေးထားကြောင်း သိရသည်။

ဒရုန်း၏အပေါ်ပိုင်းတွင် WTM ပါရှိခြင်းသည် အင်တင်နာအား ပိုမိုကောင်းမွန်သောဂြိုဟ်တုဆက်သွယ်မှု UPLINK နှင့် DOWNLINK ပြုလုပ်နိုင်စေမည်ဖြစ်သည်။

၎င်း၏ တောင်ပံများတွင်ရန်သူသင်္ဘောများ၏ ဆက်သွယ်ရေးနှင့်ရေဒါလှိုင်းထုတ်လွှင့်မှုများကို ကြားဖြတ်ဟန့်တားရန်နှင့် လားရာအရပ်မျက်နှာရှာဖွေခြင်း စသည့် လုပ်ငန်းဆောင်တာများကို ပြုလုပ်ဆောင်ရွက်ရန်အတွက် အီလက်ထရွန်နစ် အထောက်အကူပြုမှု အင်တာနာများ ပါရှိသည်။

WZ-7 ကင်းထောက်ဒရုန်းမျိုးကွဲသစ်သည် ကျယ်ပြန့်သော ပင်လယ်ရေကြောင်း စောင့်ကြည့်ခြင်းနှင့်ကင်းထောက်ခြင်းတို့ကို တာဝန်ထမ်းဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

မကြာသေးမီက ထွက်ပေါ်လာသော ဒရုန်းဓာတ်ပုံများအပေါ် အခြေခံ၍ တရုတ်၏ ရေတပ်သုံး အမေရိကန်ထုတ် MQ-4C TRITON ထောက်လှမ်းရေးဒရုန်းနှင့်ဆင်တူလုနီးပါးဖြစ်သည်။

၎င်းတို့၏ ရေဒါများသည် ကွဲပြားကြသည်။ MQ-4C TRITON တွင် မြေပြင်ဆီသို့အတားအဆီးမရှိ ငုံ့ကြည့်နိုင်သော LINE OF SIGHT အတိုင်းထောက်လှမ်းနိုင်သည့်ညွှန်းရပ် ၃၆၀ ဒီဂရီပတ်လည်ရေဒါပါရှိပြီး WZ-7 ကင်းထောက်ဒရုန်းမျိုးကွဲသစ်တွင် ရှေ့မျက်နှာစာတည့်တည့်ထောက်လှမ်းနိုင်သော ရေဒါတစ်ခုသာ ပါရှိသည်။

တရုတ်နိုင်ငံထုတ် WZ-7 ကင်းထောက်ဒရုန်းသည် ပင်လယ်ရေကြောင်း ရေတပ်စွမ်းအားစုများဖြစ်သည့် တိုက်ယာဉ်များ၏ ဆက်သွယ်ရေးနှင့် ရေဒါစွမ်းဆောင်ရည်များကိုကျဆင်းစေရန် ဒီဇိုင်းထုတ်ထားသည့် STAND-OFF JAMMER တစ်ခုလည်းဖြစ်လာနိုင်ဖွယ်ရှိသည်ဟု သံသယဖြစ်စေနိုင်သည်။



ဒရုန်းအသစ်တွင် တပ်ဆင်ထားသည့် ရေဒါနှင့်အီလက်ထရွန်နစ် အထောက်အကူပြုစနစ်များသည် PLA ရေတပ်၏ ရှာဖွေထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်ခြင်းကွန်ရက်ကိုဖြည့်ဆည်းပေးနိုင်မည်လည်းဖြစ်သည်။

**CHINA UNVEILS NAVAL VARIANT OF WZ-7 RECONNAISSANCE DRONE ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားထုတ် Chunmoo Multiple Launch Rocket System ကို ဆော်ဒီအာရေဗျ ဖြန့်ကြက်အသုံးပြု



ဆော်ဒီအာရေဗျနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များသည် ယီမင်နယ်စပ်တွင် တောင်ကိုရီးယား၏ K239 Chunmoo Multiple Launch Rocket System (MLRS) အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်ကိုဝယ်ယူပြီး တပ်ဖြန့်ချထားကြောင်း www.thedefensepost.com ကာကွယ်ရေးသတင်းရင်းမြစ်က မေ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က စစ်ဦးစီးချုပ် Fayyad Bin Hamed Al-Ruwaili ၏ နယ်စပ်တွင်တပ်စွဲထားသောတပ်ဖွဲ့များသို့ သွားရောက်လည်ပတ်စစ်ဆေးစဉ် ဆော်ဒီအာရေဗျမြေပေါ်တွင် အဆိုပါအတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များကို ပထမဆုံးအကြိမ်မြင်တွေ့ခဲ့ရခြင်းလည်းဖြစ်သည်။

အနည်းဆုံး Chunmoo MLRS နှစ်စီးနှင့်ကျည်ထိုး၊ ကျည်သယ်၊ ပြန်လည်ထောက်ပံ့ရေးယာဉ်ကို ပြသထားသည့်ခရီးစဉ်၏ဗီဒီယိုဖိုင်ကို လူမှုမီဒီယာတွင်ထုတ်လွှင့်ခဲ့သည်ကိုလည်းတွေ့ရသည်။

ဒုံးပစ်လောင်ချာများတွင် တော်ဝင်ဆော်ဒီအာရေဗျကြည်းတပ် (RSLF) အမှတ်အသားများပါရှိပြီး ယာဉ်နံပါတ် 878 နှင့် 885 တို့ကိုကြည့်ခြင်းအားဖြင့် အရေအတွက် အများအပြားဝယ်ယူဖြည့်တင်းထားပုံရှိကြောင်း ညွှန်ပြလျက်ရှိသည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် တောင်ကိုရီးယား Chunmoo ၏ တစ်ခုတည်းသောပြည်ပဖောက်သည်နိုင်ငံမဟုတ်ကြောင်း မကြာသေးမီကအတည်ပြုနိုင်ခဲ့ကြသည်။

Hanwha Defense က ထုတ်လုပ်ထားသည့် K239 Chunmooသည် မြောက်ကိုရီးယား၏ တာဝေးပစ်အမြောက်လက်နက်များခြိမ်းခြောက်မှုကို တန်ပြန်ရန်မူလက တီထွင်ထားသည့်ဘီးတပ် Self-Propelled ဒုံးကျည်အမြောက်စနစ်ဖြစ်သည်။

၎င်းသည်ကုမ္ပဏီ၏ 8×8 လမ်းကြမ်းသုံးထရပ်ကားကိုယ်ထည်ပေါ်တွင် အခြေခံထားပြီးတပ်ဖွဲ့ဝင် သုံးဦးထိ တာဝန်ထမ်းဆောင်နိုင်သည်။

ထို့ပြင် Chunmoo အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်တွင် အလျား ၁၃၀ မီလီမီတာ၊ ၂၂၇ မီလီမီတာနှင့် ၂၃၉ မီလီမီတာ ပြောင်းအချင်းရှိ ဒုံးကျည်များကို ပစ်လွှတ်နိုင်မည့် ဒုံးပြွန်နှစ်ခုတင်ဆောင်ထားသော ဒုံးပစ်လောင်ချာစနစ်တစ်ခု တပ်ဆင်ထားသည်။

**Saudi Arabia Deploys S. Korean Chunmoo Multiple Launch Rocket System ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်

ML

**လီဒ်** Vs **ပဲလေ့စ်**

**ကစားမည့်ရက်/အချိန် ၉-၄-၂၀၂၃ (ည ၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပဲလေ့စ် ၂ - ၁ လီဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လီဒ် | – | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |
| ပဲလေ့စ် | – | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

နှစ်သင်းစလုံး တန်းဆင်းဇုန်ဖိအားရှိနေသလို နှစ်သင်းစလုံး နည်းပြအပြောင်းအလဲပြုလုပ်ထားပေမဲ့ လီဒ်အသင်းက အိမ်ကွင်းတိုက်စစ်ပိုင်းပိုကောင်းနေတာကို တွေ့ရမှာပါ။ ပဲလေ့စ်အသင်းကတော့ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ နောက်ကျသွင်းဂိုးနဲ့အနိုင်ရခဲ့ပေမဲ့ အဝေးကွင်းခံစစ်ပိုင်းကျဆင်းနေတာကြောင့် အခုပွဲမှာ ရှုံးကန်ရဖို့များပါတယ်။ ဒါကြောင့် တိုက်စစ်ထက်မြက်နေတဲ့ လီဒ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - လီဒ် ၂ - ၁ ပဲလေ့စ်**

### ပြင်သစ်လီဂူး ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်

STA

**လိုင်ယွန်** Vs **ရင်းနက်**

**ကစားမည့်ရက်/အချိန် ၉-၄-၂၀၂၃ (ညနေ ၀၅း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရင်းနက် ၃ - ၂ လိုင်ယွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | – | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ရင်းနက် | – | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ လိုင်ယွန်အသင်းဟာ ရင်းနက်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ လက်ရှိရင်းနက်အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှုံးကန်နေရလို့ လိုင်ယွန်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဒီပွဲမှာ လိုင်ယွန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုင်ယွန် ၂ - ၁ ရင်းနက်**

### စပိန်လာလီဂါ ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

STA

**အယ်မာရီယာ** Vs **ဗလင်စီယာ**

**ကစားမည့်ရက်/အချိန် ၉-၄-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗလင်စီယာ ၂ - ၂ အယ်မာရီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်မာရီယာ | – | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |
| ဗလင်စီယာ | – | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |

နှစ်သင်းစလုံးတန်းဆင်းဇုန်ဖိအားရှိနေလို့ ရှုံးကန်နေပြီး ခြေစွမ်းပိုင်းကလဲ ကွာခြားမှုမရှိပါဘူး။ ဗလင်စီယာအသင်းကတော့နောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံပြန်လည်ကောင်းမွန်နေလို့ အဝေးကွင်းဆိုပေမဲ့ အယ်မာရီယာအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် တိုက်စစ်ပိုင်းကောင်းမွန်တဲ့ ဗလင်စီယာအသင်းနဲ့ပဲလက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - အယ်မာရီယာ ၁ - ၂ ဗလင်စီယာ**

### အားကစားသတင်း အတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းက ကန်ဆယ်လိုကို အပြီးသတ်ခေါ်ယူရန် ငြင်းဆိုခဲ့သောကြောင့် ဘာစီလိုနာအသင်းက ကန်ဆယ်လိုကိုခေါ်ယူနိုင်ရန် မန်စီးတီးအသင်းနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။
- အာဆင်နယ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ အေစီမီလန်အသင်းသို့ အငှားသွားရောက်ကစားနေသည့် တိုက်စစ်မှူး ဘရာဟင်ဒီယက်ဇ်ကို ယူရို သန်း ၃၀ ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။ ML

## အာဂျင်တီးနားအမျိုးသမီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ယူ၍ အင်္ဂလန်အမျိုးသမီးအသင်း Finalissima ဆုဖလားရရှိ




**လန်ဒန် ဧပြီ ၇**


ဥရောပချန်ပီယံ အင်္ဂလန်အမျိုးသမီးအသင်းနှင့် တောင်အမေရိက အမျိုးသမီးချန်ပီယံ အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် Finalissima ချန်ပီယံဖလားပြိုင်ပွဲတွင် အင်္ဂလန်အမျိုးသမီးအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်ကို အင်္ဂလန်နိုင်ငံ ဝင်ဘာလေကွင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ ပွဲချိန် ၂၃ မိနစ်တွင် အယ်လာတွန်နီက အင်္ဂလန်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဒုတိယပိုင်း ပွဲကစားချိန်မိနစ် ၉၀ တွင် အန်ဒရက်ဆာအဲလ်ဗက်က အာဂျင်တီးနားအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ရာ ပွဲကစားချိန်အတွင်း တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့သောကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် အင်္ဂလန်အမျိုးသမီးအသင်းက လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အင်္ဂလန်အသင်းသည် နည်းပြဝိုင်ဂ်မန်းလက်ထက်တွင် ပြိုင်ပွဲစုံ ပွဲ ၃၀ ဆက်တိုက် ရှုံးပွဲမရှိခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့ပြီး ယခုဆုဖလားအပါအဝင် ဥရောပ ချန်ပီယံဆုဖလားတို့ကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ML

## လီဗာပူးအသင်းကို မန်စီးတီးအသင်းနှင့်ပွဲစဉ်မှဖြစ်ရပ်အတွက် အက်ဖ်အေက အရေးယူမှုပြုလုပ်မည်



**လန်ဒန် ဧပြီ ၇**

အင်္ဂလန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်း ကစားသမားများအနေဖြင့် ကွင်းလယ်ဒိုင်လူကြီးကို ပြင်းပြင်းထန်ထန်ဝိုင်းဝန်းပြီး စောဒကတက်ခဲ့သည့်အတွက် အရေးယူရန် စွဲချက်တင်ခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဧပြီ ၁ ရက်က ကစားခဲ့သည့် မန်စီးတီးအသင်းက လီဗာပူးအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ရိုဒရီက လီဗာပူးအသင်း တိုက်စစ်ကစားသမား ဂတ်ပိုကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သော်လည်း ကွင်းလယ်ဒိုင်လူကြီး ဆိုင်မွန်ဟော်ပါးက ပြစ်ဒဏ်ဘောသာ ပေးခဲ့ပြီး အဝါကတ်ပြသကာ နှစ်ဝါ တစ်နီဖြင့် မထုတ်ပယ်သည့်အတွက် လီဗာပူးအသင်း ကစားသမားများက ဝိုင်းဝန်းပြီး ပြင်းပြင်းထန်ထန် စောဒကတက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်ရပ်အတွက် ကွင်းလယ်ဒိုင်လူကြီး ဆိုင်မွန်ဟော်ပါးက ပွဲစဉ်အပြီးအစီရင်ခံစာတင်သွင်းခဲ့ရာတွင် ထည့်သွင်းရေးသားခဲ့သည့်အတွက် ယခုအခါ အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်က လီဗာပူးအသင်းကို အရေးယူရန်အတွက် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်း အနေဖြင့် အဆိုပါ စွဲချက်အတွက် လာမည့် ဧပြီ ၁၂ ရက် နောက်ဆုံးထားပြီး အယူခံဝင်ရမည်ဖြစ်ကာ အယူခံမဝင်ခြင်း သို့မဟုတ် အယူခံရှုံးနိမ့်ပါက ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း သိရသည်။ STA

## 2023 Masters ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟိုဗ်လန်း၊ ဂျွန်ရမ်းနှင့် ကိုပ်ကာတို့ ဦးဆောင်

**ဂျော်ဂျီယာ ဧပြီ ၇**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဩဂတ်စတာတွင်ကျင်းပနေသည့် 2023 Masters ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် နော်ဝေဂေါက်သီးရိုက်ကစားသမား ဟိုဗ်လန်း၊ စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကိုပ်ကာတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း WP သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းယန်းနှင့် ဩစတြေးလျဂေါက်သီးရိုက် ကစားသမားဂျက်ဆင်ဒေးတို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

Masters ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဂေါက်သီးရိုက်လောက၏ အရှိန်အဝါအရှိဆုံး ပြိုင်ပွဲဖြစ်သလို သဘောထားကွဲလွဲနေသည့် PGA Tour နှင့် LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်များမှ ကစားသမားများ ပါဝင်ယှဉ်ပြိုင်နေကြသည့်အတွက် အကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်နေသည်။

အပြိုင်အဆိုင် ဖြစ်နေသည့် ဂေါက်သီးရိုက်အဖွဲ့ချုပ် နှစ်ခုမှ ကစားသမားများကြား ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ပြိုင်ပွဲ တစ်ရပ်အဖြစ် သတ်မှတ်နိုင်သည့် ပြိုင်ပွဲဖြစ်သည့်အတွက်ကြောင့် နောက်ဆုံးနေ့ထိ အကြိတ်အနယ်ယှဉ်ပြိုင်သွားကြဖွယ်ရှိနေသည်။

ဂျွန်ရမ်းက "အစောပိုင်းမှာတင် Double-bogey ဖြစ်သွားတော့ ဘယ်လိုမှ အဆင်မပြေတော့ဘူး။ နောက်ကျင်းတွေမှာ လုံးဝမှားလို့မရတော့ဘူးဆိုတဲ့ အသိစိတ်ဝင်သွားတယ်။ ဖိအားတော့ များတယ်။ နောက်ကနေလိုက်ကစားခဲ့ရပေမဲ့လဲ နောက်ပိုင်းကျင်းတွေမှာ အမှားအနည်းဆုံး ဖြစ်အောင် ကစားနိုင်ခဲ့တယ်။ ပထမနေ့မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းအပေါ် အားရကျေနပ်မှု အပြည့်အဝရှိပါတယ်။ အမှားအယွင်းတွေ ရှိခဲ့ပေမဲ့လဲ အမှားတွေကိုအကောင်းဆုံး ပြင်ဆင်နိုင်ခဲ့တာဟာ အပေါင်းလက္ခဏာဆောင်ပါတယ်။ အမှားများခဲ့တာတောင် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်ထိလျော့ရိုက်နိုင်ခဲ့တာဟာ တကယ့်ကို ဂုဏ်ယူစရာပါပဲ။ ဒီပုံစံအတိုင်းပဲ နောက်ဆုံးနေ့ထိ ထိန်းသိမ်းပြီး ကစားသွားနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# Credit One Charleston Openတင်းနစ်ပြိုင်ပွဲ

# ကွာတားဖိုင်နယ်အဆင့်သို့ မက်ဒီဆင်ကီးနှင့်ပယ်ဂူလာတို့ တက်ရောက်




**တောင်ကာရိုလိုင်းနား ဧပြီ ၇**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားတွင် ကျင်းပနေသည့် Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် လက်ရှိချန်ပီယံအမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးနှင့် နိုင်ခြေအဆင့်(၁) အဖြစ် သတ်မှတ်ခံထားရသည့် နိုင်ငံတူတင်းနစ်မယ် ပယ်ဂူလာတို့သည် နိုင်ပွဲကိုယ်စီရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း WTA က ယနေ့တွင် ဖော်ပြခဲ့သည်။

Credit One Charleston Open တင်းနစ်ပြိုင်ပွဲသည် အမျိုးသမီးတင်းနစ်လောက၏ သက်တမ်းအရင့်ဆုံး တင်းနစ်ပြိုင်ပွဲဖြစ်ပြီး အမျိုးသမီး တင်းနစ်လောကတွင် အရှိန်အဝါရှိသည့် ပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။

လက်ရှိချန်ပီယံ မက်ဒီဆင်ကီးသည် ဒုတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် လင်နက်တီနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး မက်ဒီဆင်ကီးက (၆-၂၊ ၃-၆၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

နိုင်ခြေအဆင့် (၁) အဖြစ် သတ်မှတ်ခံထားရသည့် ပယ်ဂူလာသည် ဒုတိယအဆင့်တွင် ရိုမေးနီးယားတင်းနစ်မယ် ဘီဂူနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပယ်ဂူလာက (၇-၅၊ ၄-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အမေရိကန် တင်းနစ်မယ် ပယ်ဂူလာက "အမျိုးသမီး တင်းနစ်လောကရဲ့ သက်တမ်းအရင့်ဆုံး ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ပထမအဆင့်မှာ ကတည်းက အကောင်းဆုံး ကစားနိုင်ခဲ့တယ်။ မြေစေးကွင်းမှာ ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက်ကြောင့် ပင်ပန်းတယ်။ တခြားကွင်းတွေနဲ့မတူဘူး။ ဒဏ်ရာလဲ ရလွယ်တဲ့အတွက်ကြောင့် တော်တော်လေးကို ဂရုစိုက်ပြီး ကစားနေရတယ်။ ဒုတိယအဆင့်မှာ အကောင်းဆုံး ကစားနိုင်ခဲ့ပေမဲ့လဲ ပြိုင်ဘက်ကစားသမားကအကောင်းဆုံးပုံစံ ရနေတဲ့အတွက်ကြောင့် ကစားရတော်တော်လေး ခက်ခဲခဲ့တယ်။ပွဲငယ်သုံးပွဲဆက် ကစားခဲ့ရတဲ့အတွက် ပွဲပန်းတယ်။ ကျွန်မအနေနဲ့ မြေစေးကွင်းမှာကစားတဲ့အခါဘယ်လိုနည်းဗျူဟာကိုကျင့်သုံးရမလဲဆိုတာကိုလဲ ကောင်းကောင်းနားလည် သဘောပေါက်လာပါပြီ။ ဗိုလ်လုပွဲစဉ်ထိ တက်ရောက်နိုင်အောင်လဲအကောင်းဆုံးကြိုးစားသွားမယ်"ဟု ပြောကြားခဲ့သည်။ AZL

# စပါးအသင်းက နည်းပြဂရာဟမ်ပေါ်တာကို ခန့်အပ်ရန်ပြင်ဆင်နေ

**လန်ဒန် ဧပြီ ၇**

စပါးအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ချဲလ်ဆီးအသင်း နည်းပြဟောင်း ဂရာဟမ်ပေါ်တာကို ခန့်အပ်ရန်အတွက် ပြင်ဆင်လျက်ရှိနေသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် နည်းပြဟောင်း ကွန်တီနှင့် ယခုနှစ်ဘောလုံးရာသီအကုန်မှသာ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း နည်းပြကွန်တီအနေဖြင့် အသင်းမှ ကစားသမားများနှင့် ဆက်ဆံရေး မပြေလည်မှုများရှိနေသည့်အပြင် အသင်းမှ တာဝန်ရှိသူများကို လူသိရှင်ကြားဝေဖန်မှုပြုလုပ်ခဲ့သည့်အတွက် ပြီးခဲ့သည့်မတ်လက ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂရာဟမ်ပေါ်တာသည်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဘရိုက်တန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ရာတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက် အေဗီလာအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

စပါးအသင်းသည် လက်ရှိတွင် ယာယီနည်းပြအဖြစ် လက်ထောက်နည်းပြ စတယ်လီနီကို တာဝန်ပေးအပ်ထားသော်လည်း စပါးအသင်းအနေဖြင့် ရလဒ်များ တိုးတက်လာခြင်းမရှိသည့်အတွက် စပါးအသင်း တာဝန်ရှိသူများက နည်းပြဂရာဟမ်ပေါ်တာကို ခန့်အပ်လိုနေခြင်းဖြစ်ကြောင်း သိရသည်။ STA

# ဥရုဂွေးအသင်းက နည်းပြဘီဂိုင်ရယ်ဆာကို လက်ရွေးစင်နည်းပြအဖြစ် ခန့်အပ်ရန်သဘောတူညီမှုရရှိ




**မွန်တီဗီဒီယို ဧပြီ ၇**

ဥရုဂွေးအသင်းသည် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလကတည်းက အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြဘီဂိုင်ရယ်ဆာကို နှစ်နှစ်သက်တမ်းစာချုပ်ဖြင့် နည်းပြသစ်အဖြစ် ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၆၇ နှစ်ရှိ နည်းပြဘီဂိုင်ရယ်ဆာသည် ၂၀၁၈ ခုနှစ်က လိဒ်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် အသင်းရလဒ်ပိုင်းဆိုးရွားလာသောကြောင့် ဖေဖော်ဝါရီလတွင် အသင်းနှင့်လမ်းခွဲခဲ့ကာ တစ်နှစ်ကျော် အနားယူခဲ့ပြီးနောက် ဥရုဂွေးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ ၂၀၂၃ ခုနှစ် စက်တင်ဘာလထိ နှစ်နှစ်စာချုပ်ချုပ်ဆိုခဲ့သကဲ့သို့ ဥရုဂွေးအသင်းအနေဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့ပါက ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးမည့် သဘောတူညီချက်ပါဝင်ခဲ့ကြောင်း သိရသည်။

နည်းပြ ဘီဂိုင်ရယ်ဆာသည် ဥရုဂွေးအသင်းကို တာဝန်ယူရန် သဘောတူညီခဲ့သဖြင့် ၎င်းအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ချီလီအသင်းကိုတာဝန်ယူပြီး ၁၀ နှစ်ကျော်အကြာမှ နိုင်ငံလက်ရွေးစင်အသင်းကို ပထမဆုံးအကြိမ် ပြန်လည်တာဝန်ယူခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားနိုင်ငံသား နည်းပြဘီဂိုင်ရယ်ဆာသည် ၎င်း၏နည်းပြဘဝကို ၁၉၉၂ ခုနှစ်က အာဂျင်တီးနားကလပ် နယူးအိုးဘွိုင်းနှင့် စတင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် မက္ကဆီကိုကလပ် အက်တ်လက်အသင်း၊ ၁၉၉၅ခုနှစ်တွင် မက္ကဆီကိုကလပ် အမေရိကားကလပ်အသင်း၊ ၁၉၉၇ ခုနှစ်တွင် ဗီလက်ဆာဖီးလ်အသင်း၊ ၁၉၉၈ခုနှစ် ဇူလိုင်လတွင် အက်စ်ပန်ညိုအသင်း၊ ၁၉၉၈ ခုနှစ် စက်တင်ဘာလတွင် အာဂျင်တီးနားအသင်း၊ ၂၀၀၇ ခုနှစ်တွင် ချီလီအသင်း၊ ၂၀၁၁ ခုနှစ်တွင် ဘီလ်ဘာအိုအသင်း၊ ၂၀၁၄ ခုနှစ်တွင် မာဆေးအသင်း၊ ၂၀၁၇ ခုနှစ်တွင် လိုင်လီအသင်း၊ ၂၀၁၈ ခုနှစ်တွင် လိဒ်အသင်းတို့ကို တာဝန်ယူခဲ့ကြောင်း သိရသည်။ ML

# ပြင်သစ်လီဂူး ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်များ

STA

**လိုရီယန့် Vs မာဆေး**

**ကစားမည့်ရက်/အချိန် ၁၀-၄-၂၀၂၃ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၃ – ၁ လိုရီယန့်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုရီယန့်** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **ဝေး(ရှုံး)** |
| **မာဆေး** | – | **အိမ်(သရေ)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |

ချန်ပီယံဆုအတွက်တောင်မျှော်လင့်ချက်ရှိနေတဲ့ မာဆေးအသင်းဟာ အဝေးကွင်းဆိုပေမဲ့ ရမှတ်ပြည့်ရရှိဖို့အတွက် ကြိုးစားလာမှာပါ။ လိုရီယန့်အသင်းရဲ့လက်ရှိခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ မာဆေးအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မာဆေးအသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – လိုရီယန့် ၀ – ၂ မာဆေး**

**မောင့်ပယ်လီယာ Vs တူးလော့**

**ကစားမည့်ရက်/အချိန် ၉-၄-၂၀၂၃ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တူးလော့ ၁ – ၂ မောင့်ပယ်လီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မောင့်ပယ်လီယာ** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |
| **တူးလော့** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |

နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေဆက်တိုက်ကောင်းမွန်နေတဲ့ မောင့်ပယ်လီယာအသင်းဟာ အိမ်ကွင်းမှာ တူးလော့အသင်းကိုခြေစွမ်းပိုင်းနဲ့ဖိအားပေးကစားနိုင်မှာပါ။ တူးလော့အသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ဒါကြောင့်အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ မောင့်ပယ်လီယာအသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – မောင့်ပယ်လီယာ ၂ – ၁ တူးလော့**

**နန့်တက် Vs မိုနာကို**

**ကစားမည့်ရက်/အချိန် ၉-၄-၂၀၂၃ (ည ၀၉း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မိုနာကို ၄ – ၁ နန့်တက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **နန့်တက်** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |
| **မိုနာကို** | – | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

နှစ်ပွဲဆက်နိုင်ပွဲရယူထားတဲ့ မိုနာကိုအသင်းရဲ့ခြေစွမ်းပိုင်းကကောင်းမွန်နေလို့ နန့်တက်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ နန့်တက်အသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းမတည်ငြိမ်ဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့်ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ မိုနာကိုအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – နန့်တက် ၁ – ၃ မိုနာကို**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်

STA

**ဂလာဘတ် Vs ဝုဖ်ဘတ်**

**ကစားမည့်ရက်/အချိန် ၉-၄-၂၀၂၃ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဖ်ဘတ် ၂ – ၂ ဂလာဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဂလာဘတ်** | – | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **ဝေး(သရေ)** |
| **ဝုဖ်ဘတ်** | – | **အိမ်(သရေ)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဂလာဘတ်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ လက်ရှိဝုဖ်ဘတ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရသလို အဝေးကွင်းခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ဂလာဘတ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဂလာဘတ် ၂ – ၁ ဝုဖ်ဘတ်**

# ပြည်သူတို့၏ဆန္ဒအမှန် သို့မဟုတ် Noleen Heyzer သို့ အိတ်ဖွင့်ပေးစာ












**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း KNDF၊ KNPP အဖွဲ့တို့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက ပအိုဝ်းသံဃာတော်များနှင့် လူမျိုးများအား လူမဆန်စွာသတ်ဖြတ်မှုအပေါ် ပြင်းထန်စွာဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်မှုများကို တွေ့ရစဉ်။**

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာဆီကို အိတ်ဖွင့်ပေးစာရေးတယ်ဆိုလို့ ဘယ်သူများလဲလို့ စိတ်ဝင်စားနေကြပါလိမ့်မယ်။

ကျွန်တော်က ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးတဲ့ သာမန်ပြည်သူတစ်ယောက်သာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအနေနဲ့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ပျက်စီးရာပျက်စီးကြောင်း၊ တစ်ဖက်သတ် စွပ်စွဲချက်တွေ၊ ဖိအားပေးမှုတွေကို လက်မခံနိုင်တဲ့ သာမန်ပြည်သူတစ်ဦးဆိုရင် ပိုမှန်ပါလိမ့်မယ်။ **သာမန်ပြည်သူတစ်ဦးအနေနဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်ဆီကို ဒီလိုအိတ်ဖွင့်စာပေးပို့ခြင်းကလည်း ဒီမိုကရေစီအခွင့်အရေးအရ မိမိရဲ့ထင်မြင်ယူဆချက်၊ စံဒေးချက်တွေကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေသိရှိနိုင်အောင် ပေးပို့ရခြင်းဖြစ်ပါတယ်။ ဒီစာကို သက်ဆိုင်သူထံရောက်အောင် နည်းမျိုးစုံနဲ့ ပေးပို့ထားပြီးဖြစ်သလို နိုင်ငံတကာနဲ့ အများပြည်သူသိရှိနိုင်အောင် အရလိုဆောင်းပါးရေးသားဖော်ပြရခြင်းဖြစ်ပါတယ်။**

ဒီအိတ်ဖွင့်ပေးစာမှာရေးသားထားတဲ့ အချက်တွေကတော့ ပြီးခဲ့တဲ့ မတ်လ ၁၆ ရက်နေ့က နိုလင်းဟေဇာအနေနဲ့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး တစ်ဖက်သတ်စွပ်စွဲပြောကြားချက်တွေကို တုံ့ပြန်အသိပေးထောက်ပြလိုခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနက ဘယ်လိုတုံ့ပြန်ထားတယ်ဆိုတာ မသိပေမယ့် နိုလင်းဟေဇာရဲ့ပြောကြားချက်တွေဟာ တည်ဆဲအစိုးရကို ဆန့်ကျင်နေတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ လူမှုကွန်ရက်က အခြေအမြစ်မရှိတဲ့ သတင်းအတု၊ သတင်းအမှားတွေ၊ ဝါဒဖြန့်မှုတွေ၊ ပေးပို့ချက်တွေကို အခြေခံပြီး သံယောင်လိုက်ပြောဆိုထားခြင်းဖြစ်တာကြောင့် ယခုလို အိတ်ဖွင့်ပေးစာပေးပို့ရခြင်းဖြစ်ပါတယ်။

နိုလင်းဟေဇာက မြန်မာနိုင်ငံမှာ တပ်မတော်က အာဏာရယူလိုက်ခြင်းကြောင့် အကြီးအကျယ်ပျက်စီးနေပြီလို့ ဆိုပါတယ်။ နိုလင်းဟေဇာ သိသင့်တာက မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ တပ်မတော်က အာဏာထိန်းလိုက်လို့ ဖြစ်ပေါ်လာတာမဟုတ်ဘဲ NLD ပါတီမှ အကြမ်းဖက်မှုကိုလိုလားသော အစွန်းရောက်ပါတီဝင်တချို့နဲ့ ဖွဲ့စည်းထားတဲ့ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ရဲ့ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ သူတို့လက်အောက်ခံ PDFအမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့်သာ ဖြစ်တယ်ဆိုတာကို အသိပေးလိုပါတယ်။

တကယ်တော့ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းတွေသုံးပြီး ရယူလိုကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာစတင်ခဲ့တဲ့ ပဋိပက္ခဟာ ရွေးကောက်ပွဲမသမာမှုနဲ့ နိုင်ငံရေးပဋိပက္ခဖြစ်လို့ နိုင်ငံရေးနည်းလမ်းနဲ့သာ ဖြေရှင်းနိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ယခုအခါမှာ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ စတင်ပေါက်ဖွားလာတဲ့ NLD အဖွဲ့အတွင်းမှာတင် လက်နက်ကိုင်လမ်းစဉ်ကိုမထောက်ခံတဲ့ အုပ်စုတွေရဲ့အသံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်နေပါတယ်။ ပြည်ပြေးအကြမ်းဖက်အုပ်စုတွေက မြန်မာပြည်တွင်းက အကြမ်းဖက်လမ်းစဉ်ကို မထောက်ခံတဲ့ NLD တွေကို ဖြုတ်/ထုတ်/သတ်လုပ်ဖို့ ကြိုးစားနေတဲ့ အချက်အလက်တွေ၊ အင်တာဗျူးတွေကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ ပဋိပက္ခတွေဟာ တပ်မတော်က အာဏာထိန်းလို့လား။ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အစွန်းရောက်အကြမ်းဖက်လမ်းစဉ်ကြောင့်လားဆိုတာ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် အတွင်းမှာ NUG အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ လုပ်ကြံသတ်ဖြတ်မယ့် "Hit List" ထဲမှာ ပါနေလို့ နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်းကို အကူအညီတောင်းတဲ့ မြန်မာနိုင်ငံငြိမ်းချမ်းရေးကို ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့သူတစ်ဦးရဲ့စာကိုလည်း နိုလင်းဟေဇာ မသိလိုက်ဘူးလားလို့ မေးရမလိုရှိပါတယ်။ ဒီ "Hit List" မှာ တပ်မတော်ကိုထောက်ပံ့ပေးနေတယ်လို့ NUG အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ယူဆထားတဲ့ စီးပွားရေးသမားတွေ၊ နိုင်ငံရေးသမားတွေ၊ အနုပညာရှင်တွေအပြင် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ ပညာရှင်တွေပါ ပါဝင်နေကြောင်း၊ ပြည်သူ့ပါတီမှ ဦးကိုကိုကြီး၊ မွန်ညီညွတ်ရေးပါတီက ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဟောင်း ဒေါက်တာအောင်နိုင်ဦးနဲ့ ပါတီဝင်တွေကိုလည်း အကြိမ်ပေါင်းများစွာ အကြမ်းဖက်ခြိမ်းခြောက်မှုတွေ ပြုလုပ်ခံနေရကြောင်း၊ NUG နဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ ၆၀ ကျော်နဲ့ အွန်လိုင်းတွေ့ဆုံပွဲလုပ်နေတဲ့ အထောက်အထားဓာတ်ပုံကိုပါ တွဲဖက်ပြီးပေးပို့ပါကြောင်း စသဖြင့် ဖော်ထုတ်ရေးသားထားပြီး နိုင်ငံတကာသံတမန် အသိုင်းအဝိုင်းကို အကူအညီတောင်းခံခဲ့တာကိုတွေ့ရပါတယ်။ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ သူတို့ကိုမထောက်ခံတဲ့ ပြည်သူတိုင်းကို ရန်သူလို့သတ်မှတ်ပြီး အကြောင်းမဲ့ရန်ရှာသတ်ဖြတ်နေကြတယ်ဆိုတာ အလွယ်တကူသိရှိနိုင်ပါတယ်။ သူတို့ရဲ့သတ်ဖြတ်မှုတွေကြောင့် သေဆုံးခဲ့ရသူတွေရဲ့မိသားစုဝင်များက အကောင်းဆုံးသက်သေအဖြစ်ရှိနေပါတယ်။

နောက်တစ်ချက်အနေနဲ့ နိုလင်းဟေဇာက မြန်မာ့တပ်မတော်ဟာ သူ့ရဲ့အာဏာကိုချုပ်ကိုင်နိုင်ဖို့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ အကြီးအကျယ်ဆောင်ရွက်နေတယ်လို့ စွပ်စွဲထားပါတယ်။ မြန်မာနိုင်ငံမှာ တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေအားလုံးဟာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တချို့ ကျူးလွန်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို တရားဥပဒေနဲ့အညီ ကာကွယ်ပေးနေရတာသာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိပါတယ်။ ခုအချိန်ထိ တစ်နိုင်ငံလုံး စစ်အုပ်ချုပ်ရေးကြေညာထားတာမဟုတ်ဘဲ PDF အမည်ခံ အကြမ်းဖက်အဖွဲ့နဲ့တိုင်းရင်းသားလက်နက်ကိုင်တွေ ထကြွသောင်းကျန်းတဲ့ မြို့နယ် ၄၇ မြို့နယ်ကိုသာ စစ်အုပ်ချုပ်ရေးကြေညာပြီး အကန့်အသတ်နဲ့ ဆောင်ရွက်နေတယ်ဆိုတာ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

NUG အမည်ခံအကြမ်းဖက်အဖွဲ့က ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့မှစပြီး D-Day အမည်ခံပြီး အကြမ်းဖက်လုပ်ရပ်များ အရှိန်မြှင့်တင်ဖို့လှုံ့ဆော်ခဲ့ကြတာ ကမ္ဘာသိဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက် နေ့ထိ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များရဲ့တိုက်ခိုက်မှုနဲ့ ဒလန်လို့စွပ်စွဲပြီး အကြမ်းဖက်သတ်ဖြတ်မှုကြောင့် လက်နက်မရှိတဲ့ အပြစ်မဲ့ပြည်သူ ၄၉၅၃ ဦး သေဆုံးခဲ့ပါတယ်။ ရဟန်း၊ သံဃာတော် (၇၀) ပါးနှင့် သီလရှင်နှစ်ပါး ပျံလွန်တော်မူခဲ့ရပြီး အစိုးရဝန်ထမ်းများ (၂၃၄) ဦး၊ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနဲ့သက်ဆိုင်ရာဝန်ထမ်း (၆၁၇) ဦး သေဆုံးခဲ့ပါတယ်။ ကျန်းမာရေးဝန်ထမ်း (၁၄) ဦး၊ ဆရာ၊ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်း (၆၇)ဦး သေဆုံးခဲ့ရပြီး စာသင်ကျောင်းနဲ့ပညာရေးအဆောက်အအုံများအား ဗုံးခွဲမီးရှို့ဖျက်ဆီးခံရမှုဖြစ်စဉ်ပေါင်း (၆၄၈) ခုရှိပါတယ်။ ဒီလိုနေ့စဉ်နဲ့အမျှ အများပြည်သူနဲ့သက်ဆိုင်တဲ့နေရာများကို အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ပေါင်း (၁၅၄၅၂) ကြိမ်ရှိခဲ့ပြီဖြစ်ပါတယ်။

**ဒီအချက်အလက်တွေကို နိုင်ငံတကာ သံရုံး/စစ်သံရုံးတွေ၊ အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တွေဆီကို အမြဲပေးပို့နေကြောင်း သိရလို့ ဒီအကြောင်းအရာတွေကို နိုလင်းဟေဇာမသိတာ မဖြစ်နိုင်ပါဘူး။ မသိချင်ဟန်ဆောင်တာပဲ ဖြစ်ပါလိမ့်မယ်။ အစိုးရဆန့်ကျင်ရေး လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မြေပြင်သတင်းအချက်အလက်အမှန်တွေကို မီဒီယာအား၊ နည်းပညာအားနဲ့ နည်းလမ်းမျိုးစုံအသုံးပြုပြီး ပိတ်ဆို့ထားကြပေမဲ့ လက်ရှိပကတိ ဖြစ်ပေါ်တိုးတက်နေတဲ့ မှန်ကန်တဲ့သတင်းတွေရနိုင်တဲ့ www.infosheet.org ကဲ့သို့သော သတင်းစာမျက်နှာတွေရှိပါတယ်။ မြန်မာ၊ အင်္ဂလိပ်၊ ရုရှား၊ တရုတ်ဘာသာစကား(၄)မျိုးနဲ့ ဖတ်ရှုနိုင်တာတွေ့ရပါတယ်။ အနောက်အုပ်စု လက်ဝေခံမီဒီယာတွေနဲ့ အကြမ်းဖက်အုပ်စုရဲ့ ဝါဒဖြန့်သတင်းတွေမှာပဲ လမ်းဆုံးမနေဖို့ နိုလင်းဟေဇာကို တိုက်တွန်းလိုပါတယ်။ တာဝန်ကြီးကြီးမားမားယူထားသူ ပညာရှင်တစ်ယောက်အနေနဲ့ နှစ်ဖက်သတင်းကို မျှတစွာ နားထောင်တတ်ဖို့ဆိုတာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။**

အထူးသဖြင့် မြေပြင်အခြေအနေကို မသိဘဲ အဆင်အခြင်မဲ့ ပြောကြားချက်က ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ နမ့်နိန်းကျေးရွာမှာ ပြည်သူ ၂၈ ဦးကို တပ်မတော်က သတ်ဖြတ်ခဲ့တယ်ဆိုတဲ့ တင်ပြချက်တစ်ခု ရရှိထားတယ်ဆိုသော ပြောကြားချက်ဖြစ်ပါတယ်။ ဒီလိုအနောက်အုပ်စုမီဒီယာတွေက တပ်မတော်ရဲ့ပုံရိပ် ထိခိုက်အောင် ပုံဖျက်ထားတဲ့ မဟုတ်မမှန်သတင်းဟာ ပအိုဝ်းပြည်သူတစ်ရပ်လုံးက KNDF၊ KNPPနဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ သတ်တာပါလို့ ကွင်းလုံးပြည့်ဆန္ဒဖော်ထုတ်ပွဲကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရပြီးပြီဖြစ်ပါတယ်။ ဒီလို မဟုတ်မမှန်စွပ်စွဲချက်တစ်ခုကို နိုလင်းဟေဇာက ကုလသမဂ္ဂအထွေထွေညီလာခံမှာ ကိုးကားသွားတော့ မြေပြင်အခြေအနေမှန်တွေနဲ့ ဘယ်လောက်ကင်းကွာနေတဲ့ ပြောကြားချက်တွေဖြစ်တယ်ဆိုတာ အလွယ်တကူ သိရှိနိုင်ပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် နိုလင်းဟေဇာအနေနဲ့ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ ဝါဒဖြန့်ချိရေးယန္တရားရဲ့ အသုံးချခံ လက်ကိုင်တုတ်ဖြစ်နေတာ အလွန်ရှက်စရာကောင်းပါတယ်။

**စာမျက်နှာ ၁၁ သို့➤**

➤ စာမျက်နှာ ၁၀ မှအဆက်

မြန်မာနိုင်ငံမှာ ကလေးသူငယ်များပါမချန် အစုလိုက်အပြုံလိုက် လူသတ်နေကြတာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကျူးလွန်ထားတဲ့ မိသားစုဝင်ဦးရေ သုံးဦးနှင့်အထက် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရသော ဖြစ်စဉ်ပေါင်း ၇၆ ခုရှိပြီး အပြစ်မဲ့ပြည်သူပေါင်း ၃၄၅ ဦး သေဆုံးခဲ့ပြီး ၇၃ ဦးဒဏ်ရာရရှိခဲ့ပါတယ်။ အချို့အသတ်ခံရသူများထဲမှာ အရွယ်မရောက်သေးသူ ကလေးငယ်များ ပါဝင်နေတာတွေ့ရပါတယ်။ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေသတ်လို့ သေဆုံးခဲ့ရတဲ့ ကလေးသူငယ်အရေအတွက် ၁၄၃ ဦး ရှိပြီဖြစ်ပြီး ဒဏ်ရာရရှိခဲ့တဲ့ အရေအတွက် ၃၉၂ ဦး ရှိပြီဖြစ်ပါတယ်။ စာရင်းဇယားတွေအရ စစ်ကိုင်းတိုင်းဒေသကြီးက ကလေးသူငယ်တွေဟာ အကြမ်းဖက်ခံရမှုကြောင့် သေဆုံးသူအများဆုံးဖြစ်ပြီး မကွေးတိုင်းဒေသကြီးက ဒုတိယအများဆုံးဖြစ်ပါတယ်။ သေဆုံးခဲ့ကြရတဲ့ ကလေးငယ်အများစုဟာ နိုင်ငံရေးအရောင်အသွေး မတူတဲ့အတွက် ဒလန်မိသားစုဆိုပြီး စွပ်စွဲသတ်ဖြတ်လို့၊ အကြမ်းဖက်သမားတွေ ထောင်ထားတဲ့လက်လုပ်မိုင်းတွေပေါက်ကွဲလို့၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ လက်နက်စမ်းသပ်ရင်း ကျေးရွာတွေထဲကို ရမ်းသန်းပစ်ခတ်လို့၊ ကျေးရွာမီးရှို့လို့၊ ဒရုန်းတွေမှာ ဗုံးသီးတွေချိတ်ပြီး ထိချင်ရာထိပစ်ချလို့ သေဆုံးခဲ့ကြရတာ အများစုဖြစ်ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေ အကြမ်းဖက်မှုဆောင်ရွက်ဖို့ အရွယ်မရောက်သေးတဲ့ကလေးသူငယ်တွေကို ဓားစာခံအဖြစ်အသုံးချတဲ့အတွက် သေဆုံးခဲ့ကြရတဲ့ဖြစ်စဉ်များလည်း ပါဝင်နေပါတယ်။

**ဒီဖြစ်စဉ်တွေအားလုံးဟာ တပ်မတော်ကဝါဒဖြန့်လုပ်ကြံရေးသားထားတဲ့ ဖြစ်စဉ်တွေမဟုတ်ဘဲ CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အဖွဲ့တွေ ကျူးလွန်နေကြတယ်ဆိုတာ မြန်မာပြည်သူတွေအားလုံး သက်သေရှိပါတယ်။ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကိုယ်တိုင်လည်း ဒီလိုအကြမ်းဖက်မှု၊ ရာဇဝတ်မှုတွေကို သူတို့ရဲ့ မဟာအောင်မြင်မှုကြီးတွေအဖြစ်၊ တော်လှန်ရေး လှုပ်ရှားမှုအဖြစ် ထုတ်ဖော်ဂုဏ်ဆာနေကြတဲ့ အထောက်အထားတွေ မရေမတွက်နိုင်အောင်ရှိပါတယ်။ ဒီလိုအကြမ်းဖက်မှုတွေကို မျက်ကွယ်ပြု မသိချင်ယောင်ဆောင်နေပြီး အဓိုးရဘက်က တရားဥပဒေအရ အရေးယူဆောင်ရွက်နေတာကို တစ်ဖက်သတ် ဖိအားပေးနေတာက နိုင်ငံရေး၊ သံတမန်ရေး ဘက်လိုက်မှုရှိနေတယ်ဆိုတာ သိသာလွန်းအားကြီးပါတယ်။ NUG၊PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေကို သွယ်ဝိုက်ပြီး အားပေးထောက်ခံရာလည်း ရောက်နေလို့ ငြိမ်းချမ်းစွာနေထိုင်လိုတဲ့ သာမန်ပြည်သူတွေ ဘယ်လိုမှလက်ခံလို့ မရနိုင်ဘူးဆိုတာကို သိစေချင်ပါတယ်။**

နိုလင်းဟေဇာက မြန်မာနိုင်ငံရဲ့ပြီးခဲ့တဲ့ နိုင်ငံရေးပွင့်လင်းလာမှုကြောင့် အသီးအပွင့်ခံစားခဲ့ရတဲ့ လူငယ်အများစုဟာ ယခုအခက်အခဲတွေနဲ့ အခြေအနေတွေကို စိတ်ပျက်ပြီး လက်နက်ကိုင်တိုက်ပွဲဝင်ဖို့အပြင် အခြားမရှိတော့ဘူးလို့ ခံစားနေရတယ်လို့ ဆိုထားပါတယ်။ မြန်မာနိုင်ငံမှာ NLD အစွန်းရောက်တွေနဲ့ NUG အမည်ခံအကြမ်းဖက်အဖွဲ့ရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် အကြမ်းဖက်သမားဖြစ်သွားရတဲ့ PDF အမည်ခံ အကြမ်းဖက်လူငယ်တွေ လက်တစ်ဆုပ်စာ တောင်မပြည့်ပါဘူး။ မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကို နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းစွာ ပညာသင်ကြားနေတဲ့ လူငယ်ထုကြီးက နိုလင်းဟေဇာရဲ့ စကားကို ပြက်ရယ်ပြုနေကြပါတယ်။ လူငယ်သဘာဝ စွန့်စားလိုစိတ်ကို နိုင်ငံရေးမှိုင်းတိုက်ခံရပြီး လမ်းမှားလိုက်မိလို့ တောထဲရောက်ပြီး ဘဝပျက်နေရတဲ့ PDF အမည်ခံ အကြမ်းဖက်လူငယ်လေးတွေကိုယ်တိုင် ရင်ဖွင့်ပြောဆိုချက်တွေအရ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့ပုံတွေကို နိုင်ငံတကာကလည်း ကြားသိကြမယ်လို့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေတဲ့ ဒေသတချို့မှာ ပြည်သူတွေ ဒုက္ခရောက်နေကြတာက တပ်မတော်က ဖြတ်လေးဖြတ်ဆောင်ရွက်နေလို့ မဟုတ်ပါဘူး။ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ ရွာမီးရှို့၊ လူသတ်၊ ပြန်ပေးဆွဲနေကြလို့ ဒုက္ခရောက်နေရတာဖြစ်ပါတယ်။ ဒီလိုနေရာတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ လိုအပ်သလောက် အင်အားသုံးပြီး ကာကွယ်ရုံမှတစ်ပါး အခြားမရှိဘူးဆိုတာ စဉ်းစားတတ်သူတိုင်း သိကြပါတယ်။ နိုလင်းဟေဇာက NUG အမည်ခံ အကြမ်းဖက်အဖွဲ့အနေနဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို လူသားမဆန်တဲ့သတ်ဖြတ်မှုတွေမကျူးလွန်ကြဖို့ သတိပေးထားတယ်ဆိုပြီး နိုင်ငံရေး၊ သံတမန်ရေးအရ ကာကွယ်ပြောဆိုသွားတာကို တွေ့ရပါတယ်။ တကယ်တမ်းလက်တွေ့မှာ NUG အမည်ခံအကြမ်းဖက်အဖွဲ့က အကြမ်းဖက်မှုတွေကို ဦးဆောင်နေတာဖြစ်ပါတယ်။ ဒါကြောင့် နိုလင်းဟေဇာရဲ့ ဒီလိုပြောကြားချက်တွေက အကြမ်းဖက်သမားတွေကို အားပေးထောက်ခံရာ ရောက်နေပါတယ်။ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ အကြမ်းဖက်လူသတ်နေတာ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ ကျူးလွန်နေကြတယ်ဆိုတာကို သိသိကြီးနဲ့ ဒီလိုကာကွယ်ပြောဆိုသွားတာဟာ အလွန်ပဲ ရုပ်ပျက်ဆင်းပျက်နိုင်လှပါတယ်။

**ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ဖော်ထုတ်ရမှာဖြစ်ပါတယ်။ သို့ပေမယ့် ထောက်ပံ့ကြေးပေးထားတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေအလိုကျ ဘက်လိုက်ပြောဆိုနေတာတွေ၊ မဟုတ်မမှန်ကိုးကားချက်တွေက မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်နဲ့ ကင်းကွာနေတယ်ဆိုတာကို တည်ငြိမ်အေးချမ်းမှုကိုလိုလားတဲ့မြန်မာပြည်သူတွေရဲ့ကိုယ်စား မခံမရပ်နိုင်ဖြစ်လွန်းလို့ တုံ့ပြန်ပြောကြားရခြင်းဖြစ်ပါတယ်။**

အမိနိုင်ငံကို စွန့်ခွာထွက်ပြေးပြီး အဝေးကနေ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်နဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဖျက်ဆီးနေသူတွေရဲ့ ပြောဆိုလုပ်ကိုင်မှုတွေဟာ မြန်မာပြည်သူလူထုကို ကိုယ်စားမပြုပါဘူး။ ပြည်သူလူထုရဲ့ ဆန္ဒအမှန်လည်း မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံဟာ မည်သည့်နိုင်ငံရေးစနစ်ကို လျှောက်လှမ်းသည်ဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတွေရဲ့ လူနေမှုဘဝတွေ မြင့်မားတိုးတက်မှာ ဖြစ်ပါတယ်။

ဒီနေ့ မြန်မာနိုင်ငံရေးဖြစ်စဉ်တွေအရ ပြည်တွင်းမှာရှိနေတဲ့ ပြည်သူအများစုက CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေ၊ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတာတွေကို ရွံရှာမုန်းတီးနေပြီဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းပြီး သာယာပျော်ရွှင်တဲ့ မိသားစုဘဝတွေကို ပိုင်ဆိုင်ရရှိဖို့ အကြမ်းဖက်လုပ်ရပ်တွေ လျော့နည်းပပျောက်စေချင်တာ ပြည်သူတွေရဲ့ ဆန္ဒအမှန်ဖြစ်ပါတယ်။ မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်ကို ဖြည့်ဆည်းပေးချင်တယ်ဆိုရင် နိုလင်းဟေဇာအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ရွေးကောက်ပွဲ အမြန်ကျင်းပနိုင်အောင်၊ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လျှောက်နိုင်အောင် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။ တစ်ဖက်သတ်အပြစ်ဖို့ခြင်း၊ ဖိအားပေးခြင်းနဲ့တော့ လမ်းကြောင်းမှန်ပေါ် ရောက်လာမှာမဟုတ်ပါဘူး။

ဒါကြောင့် အထက်ပါအကြောင်းအရာများဟာ မိမိနိုင်ငံနဲ့လူမျိုးအကျိုးစီးပွားကို ပျက်စီးစေဖို့ ရည်ရွယ်ပြောဆိုချက်တွေကို လက်မခံနိုင်တဲ့၊ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ မြန်မာနိုင်ငံအတွင်းက ပြည်သူတွေရဲ့ ဆန္ဒအစစ်အမှန်တွေဖြစ်တယ်ဆိုတဲ့အကြောင်း နိုလင်းဟေဇာနဲ့တကွ နိုင်ငံတကာက သိရှိအောင် ဒီအိတ်ဖွင့်ပေးစာကနေတစ်ဆင့် သတင်းစကားပါးလိုက်ရပါတယ်။ ။

**(ဤဆောင်းပါးသည် ဆောင်းပါးရှင်၏အာဘော်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။)**

**❖ မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကို နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းစွာ ပညာသင်ကြားနေတဲ့ လူငယ်ထုကြီးက နိုလင်းဟေဇာရဲ့ စကားကို ပြက်ရယ်ပြုနေကြပါတယ်။ လူငယ်သဘာဝ စွန့်စားလိုစိတ်ကို နိုင်ငံရေးမှိုင်းတိုက်ခံရပြီး လမ်းမှားလိုက်မိလို့ တောထဲရောက်ပြီး ဘဝပျက်နေရတဲ့ PDF အမည်ခံ အကြမ်းဖက်လူငယ်လေးတွေကိုယ်တိုင် ရင်ဖွင့်ပြောဆိုချက်တွေအရ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့ပုံတွေကို နိုင်ငံတကာကလည်း ကြားသိကြမယ်လို့ ယုံကြည်ပါတယ်။ ❖**

**မင်းခန့်**

# တစ်ယောက်တစ်ပေါက် တစ်မိုးအောက်ရုပ်သံဇာတ်လမ်းတွဲကို CANAL+မှ ထုတ်လွှင့်မည်

**ရန်ကုန် ဧပြီ ၇**

တစ်ယောက်တစ်ပေါက် တစ်မိုးအောက်အမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲကို CANAL+ ရုပ်သံလိုင်းမှလာမည့် မေ ၁ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် နေရည်ဝင်းလှဲ့က ပြောပြ၍ သိရသည်။




အဆိုပါ မြန်မာရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို CANAL+ Zat Lenn Channel Team က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဉာဏ်တင်က ရိုက်ကူးပုံဖော်ထားကြောင်း၊ ဇာတ်လမ်းတွဲတွင် အပိုင်း (၁၆)ပိုင်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"CANAL+ ရဲ့ နောက်ထပ်ကိုယ်ပိုင်ဖန်တီးမှုတစ်ခုဖြစ်တဲ့ တစ်ယောက်တစ်ပေါက် တစ်မိုးအောက်ဆိုတဲ့ ဇာတ်လမ်းတွဲလေးကတော့ ပရိသတ်တွေရှေ့မှောက်ကို မကြာခင်မှာ ရောက်ရှိလို့လာပါတော့မယ်။ ဒီဇာတ်လမ်းတွဲလေးက တစ်မိုးအောက်တည်းအတူနေတဲ့ မိသားစုဝင်တွေရဲ့ မတူညီတဲ့ပုံစံမျိုးစုံနဲ့ မတည့်အတူနေအဖြစ်အပျက်လေးတွေ မြင်တွေ့ရမဲ့ မိသားစုဟာသဇာတ်လမ်းတွဲလေး ဖြစ်ပါတယ်" ဟု သရုပ်ဆောင် နေရည်ဝင်းလှဲ့က ပြောပြသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် CANAL+ သရုပ်ဆောင်များဖြစ်သည့်စည်သူရဲထွဋ်၊ ဘုန်းနေလင်းခိုင်၊ MRTV-4 သရုပ်ဆောင်ဖြစ်သည့် နေရည်ဝင်းလှဲ့၊ သံသာညီတို့က ပါဝင်သရုပ်ဆောင်ထားပြီး ဝါရင့်ဇာတ်ပို့များဖြစ်သည့် သရုပ်ဆောင်အရှိန်၊ တက္ကသိုလ်ဂွမ်းပုံ၊ ဂွမ်းပုံကြီးနှင့် အခြားဇာတ်ပို့များစွာက အားဖြည့်ပါဝင်သရုပ်ဆောင်ပေးထားကြောင်း သိရသည်။ ASH

# မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်အကြို ဈေးရောင်းပွဲတော် ၂၀၂၃ ကျင်းပမည်

**ရန်ကုန် ဧပြီ ၇**

မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန် အကြို ဈေးရောင်းပွဲတော် ၂၀၂၃ ကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မြန်မာ့လက်မှု အနုပညာစင်တာတွင်ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်အကြို ဈေးရောင်းပွဲတော် ကျင်းပရေးကော်မတီဝင် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းထိုက်အောင်က ပြောပြ၍ သိရသည်။

မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်အကြို ဈေးရောင်းပွဲတော် ၂၀၂၃ ကို မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးပေါ်ရှိ မြန်မာ့လက်မှုအနုပညာစင်တာတွင် ဧပြီ ၈ ရက်မှ ဧပြီ ၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ၎င်းဈေးရောင်းပွဲတော်ကို မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲတော်မှာ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်တွေရဲ့ မြန်မာလက်မှုအနုပညာထုတ်ကုန်အပါအဝင် အခြားထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေကို မိတ်ဆက်ပေးမှာဖြစ်တဲ့အပြင် မိတ်ဖက်တိုင်းရင်းသားလုပ်ငန်းရှင်တွေရဲ့ ဒေသထုတ်ကုန်တွေကို တစ်နေရာတည်းမှာ တစ်စုတစ်ဝေးတည်း ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်"ဟု ဦးသိန်းထိုက်အောင်က ပြောပြသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ပြသရောင်းချပေးမည့် ထုတ်ကုန်မျိုးစုံကို ချိုသာသောဈေးနှုန်းဖြင့် တိုက်ရိုက်လက်လီလက်ကား ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော်ကို ဧပြီ ၈ ရက်တွင် နံနက် ၁၁ နာရီမှ ညနေ ၅ နာရီထိ လည်းကောင်း၊ ဧပြီ ၉ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ASH

# Myanmar, Thailand, Laos holds tripartite coordination meeting on Transboundary smog issue




Senior General Min Aung Hlaing makes a discussion at tripartite coordination meeting on Transboundary smog issue.

**Nay Pyi Taw April 7**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, Thai Prime Minister Prayut Chan-o-cha and Lao Prime Minister Sonexay Siphandone and officials held a tripartite coordination meeting on Transboundary smog issue among Myanmar, Thailand and Lao through video conferencing this morning.

**Discussions of Thai Prime Minister Prayut Chan-O-cha**

At the meeting, the Thai Prime Minister expressed his firm belief that the meeting would solve the smog pollution issue through trust and understanding among them. The issue harmed social and economic sectors of the peoples from three countries. Hence, they all needed to join hands in solving the best solution and share information. Hence, the solving the problem was an effort for owned peoples.

An official from Pollution Control Department of the Thai Ministry of Natural Resources and Environment reported on impacts of Transboundary smog issue and potential for solving the issue through concerted efforts of three countries.

**Discussions of Lao Prime Minister Sonexay Siphandone**

In his discussions, the Lao Prime Minister said the air pollution is a common problem to be addressed by three countries. He highlighted that the Lao government has been implementing the plans to prevent air pollution and urging the people to participate in the solving the problems. Warning signboards have been posted at the forest fire sites and efforts are being made to prevent strending of forest fire. Likewise, preventive measures are being taken for necessary measures while climatic condition is being conducted under the survey. Such measures are based on experiences of Myanmar and Thailand. In accord with the 2023-24 ASEAN Agreement on Transboundary Haze Pollution, Lao DPR has been implementing the plans as much as possible with the assistance of the international community. Moreover, Lao conducts the measuring the air pollution and shares information as well as prevention of forest fire. Any country needed to prevent forest fire and air pollution with the farsightedness. Lao follows the ASEAN Agreement on Transboundary Haze Pollution. Today's meeting is the first for solving the air pollution problems the three countries are facing.

**Discussions of Prime Minister Senior General Min Aung Hlaing of Republic of the Union of Myanmar**

The Senior General expressed his delightedness with the chance to deliver a speech on behalf of the government of the Republic of the Union of Myanmar at the tripartite coordination meeting on Transboundary smog issue together with neighbours Thailand and Laos.

The Senior General thanked Thailand for holding the meeting to seek the ways for solving the latest Transboundary Haze Pollution problems. It is a problem among Thailand, Lao and Myanmar for several times. The forest fire which started in December 2022 has been worsening smog problems in GMS countries.

From 23 March 2023, the air transboundary haze pollution happened in northern Thailand and southern Lao sharing border with eastern part of Myanmar. During the period, forest fire accelerated in the eastern part of the nation due to high temperature. ASEAN Specialized Meteorological Centre (ASMC) stated the density of smog triggered by forest fire slightly happened in eastern Myanmar on 1 April 2023 and it worsened in northern Thailand and southern Laos. On 2 April, such event slight occurred in eastern Myanmar and northern Thailand but worsened in southern Lao. On 3 April, smog density lessened but its density was high in southern Laos. On 4 April, high density of smog happened in eastern Myanmar, northern Thailand and southern Laos.

ASEAN Specialized Meteorological Centre (ASMC) predicted that the hot and dry climatic condition may cause in May this year in GMS countries, with high air pollution along borders. Hence, Myanmar will cooperate with regional countries in levering up the Transboundary Haze Pollution issues.

Currently, Myanmar is monitoring data on fire hotspots received from ASMC and striving for reducing the fire hotspot measures sent to regions and states, especially in Shan State sharing border with Thailand and Lao. In comparison with the areas of countries, some 56 of fire hotspots happened in 1,000 square metres of area in Myanmar in 2022, 171 in Lao and 11 in Thailand.

In March 2023, Myanmar faced 32 fire hotspots in 1,000 square metres of area, Lao 117 and Thailand nine. Myanmar places an emphasis on implementation of the Chaing Rai Action Plan 2017 in cooperation with regional countries so as to control Transboundary Haze Pollution. Myanmar is cooperating with GMS countries to reduce 20 per cent of hotspot in 2022 as the Tenth Meeting of the Sub-Regional Ministerial Steering Committee on Transboundary Haze Pollution in the Mekong Sub-Region set 167,500 hotspots as basic factor. So, Myanmar faced 37,977 hotspots in 2022, reducing 33 per cent rather than 2020 in comparison with 56,419 in 2020.

Myanmar has formed the national environmental conservation committee to reduce fire hotspots and control air pollution while implementing the action plans. In order to control forest fire and transboundary haze pollution, countries are implementing relevant action plans. At present, Myanmar will enhance cooperation measures in order to take information about fire based on ground condition, establish air quality survey device and control transboundary haze pollution, forest fire and other kinds of fire.

Hence, neighbouring countries are to join hands in controlling the transboundary haze pollution issue. The Senior General thanked Thailand for its cooperation in air quality management enhancement project of Myanmar to reduce content PM2.5 in the atmosphere.

The ASEAN has adopted the Roadmap on ASEAN Cooperation towards Transboundary Haze pollution Control. It is a strategic framworks for all ASEAN countries. Hence, cooperation in management and development for controlling the Transboundary Haze Pollution will be a key role in the future. Myanmar pledged to reduce potential number of hotspots and conduct surveys on hotspots in line with the ASMC, take fire preventive measures, put out the fire and carry out rehabilitation, raise the awareness for reduction of forest fire danger under monitoring and continuously cooperate with regional countries in transboundry haze pollution measures. This meeting will be completed successfully, and it will help close cooperation among neighbouring countries in the future for having benefit of the region.

**Further discussions of Thailand's Prime Minister**

Then, the Thai prime minister took part in discussions, saying the issue is a natural disaster faced by the ASEAN region. Haze and air pollution caused by forest fires affects the health and other aspects of life of the people of the three countries and it is necessary to prevent such harmful effects. Myanmar, Thailand, Laos and Cambodia have hot seasons. To solve air pollution problems, organizations at various levels have been formed and measures are being taken. Moreover, it is necessay to launch awareness-raising campaigns about buring farmland and wastes among the public.

In taking necessary measures, PM 2.5 concentration in the air must be addressed. It is impossible for a single country to solve the issues of forest fires and burning and necessary equipment must be utilized. It is necessary for the countries to cooperate at all levels. As it is necessary to speed up conducting studies and cooperation about PM 2.5 concentration in the air, Thailand has accelerated the cooperation with Myanmar and Laos. Due to air pollution, the people have been suffering health and other issues. Thailand has been taking measure to reduce air pollution and is ready to exert utmost efforts to reduce air pollution. It is believed that our three countries will be able to step up cooperation with other ASEAN members to address the transnational air pollution. *See Page 13*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing enjoys Soccer Championship Final of all universities under Ministry of Science and Technology, prize presentation ceremony



Senior General Min Aung Hlaing presents cash award to the winning team.

**Nay Pyi Taw April 7**

The final soccer match of all universities under the Ministry of Science and Technology and the prize presentation ceremony was held in the Wunna Theikdi Stadium in Nay Pyi Taw this evening and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing enjoyed the match and presented the championship cup to the winner at the prize presentation ceremony.

Also present at the ceremony were Joint Secretary Lt-Gen Ye Win Oo and members of the SAC, union ministers, union level officials, the chairman of the Nay Pyi Taw Council, senior officers, the commander of the Nay Pyi Taw Command, deputy ministers, rectors and professors from universities under the Ministry of Science and Technology in respective states and regions, managers, coaches and athletes of soccer teams, officials and staff of the ministry, officials from the Myanmar Football Federation and sports fan.

During the final match, being the finalists of the championship, team (a) of universities of computer science (lower Myanmar) and team (a) of technological universities (upper Myanmar) played relentlessly and team (a) of technological universities (upper Myanmar) scored the first goal at seven minutes. Then, the two teams relentlessly and team (a) of technological universities (upper Myanmar) beat team (a) of the universities of computer science (lower Myanmar) by 4-1.

Then, the prize presentation ceremony was held and the best player prizes were presented by union ministers Lt-Gen Tun Tun Naung and U Win Shein, members of the SAC U Yan Kyaw, U Shwe Kyein, Dr Kyaw Tun and Dr Aung Kyaw Min and the fourth prize winning team (b) of universities of computer science (upper Myanmar), the third prize winning team (a) technological universities ( lower Myanmar) and the second prize winning team (a) of universities of computer science (lower Myanmar) were presented with medals for individual players, honorary prizes and cash rewards by members of the SAC Dr Hmu Htan, Daw Dwe Bu and Admiral Tin Aung San respectively.

Then, medals for individual players of the championship winning team (a) of technological universities (upper Myanmar) were presented by SAC Joint Secretary Lt-Gen Ye Win Oo.

Then, the Senior General presented cash rewards and the championship cup to team (a) of technological universities (upper Myanmar) and greeted the players warmly.

The soccer championship of all universities under the Ministry of Science and Technology was held as of 28 March with the aim of achieving progress for the Myanmar soccer world and nurturing players for the national team and a total of 14 teams in 4 groups took part in the matches. 100

---

*From Page 12*

It is necessary to take measures in accordance with Chiang Yai project. It is beneficial for the people to burn wastes to produce biogas on a small scale and cloth. In addressing air pollution, transnational air pollution can be addresses by enforcing laws and launching awareness-raising campaigns in respective countries and cooperation among the countries. Our countries are required to cooperate mutually to solve transnational air pollution and challenges must be overcome.

**Greetings for Myanmar New Year Thingyan festival**

Then, the Thai prime minister extended greetings for the health and happiness of SAC Chairman Prime Minister Senior General Min Aung Hlaing and the people of Myanmar during the festival and success of tasks being carried out. Then the Thai prime minister extended greetings for the health and happiness of the Laotian prime minister and the people during the festival and success of tasks being carried out.

**Prime Minister of Republic of Union of Myanmar make additional suggestions**

Then, the Senior General made additional suggestions, saying that the government of Myanmar has accepted the discussions of the Thai prime minister. Haze and air pollution issues faced by the three countries must be solved by the cooperation of the three countries. I would like to make two proposals. First, the majority of the people of Myanmar earn a living by carrying out agricultural activities. It is necessary to reduce hill-side cultivation in border areas of the three countries and in the same way to implement highland farming and take measures for fertilizer supplies. Second, the issue of waste material is huge, especially in border areas. Therefore, it is necessary to discard waste materials properly and to utilize technologies. Myanmar has afreed to proposals made by the Thai prime minister for solving transnational air pollution and vowed to cooperate. To solve the air pollution issues as soon as possible, the three countries are required to exert relentless efforts. Then, the Senior General extended greetings for the health and happiness of the two prime ministers and the two people during the New Year festival before concluding the meeting. 100

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Passing out parade of Thura Company's 126th Intake of Officer Training Course of Tatmadaw (Army) Officer Training School (Bahtoo) held



Vice-Senior General Soe Win inspects cadet companies.

**Nay Pyi Taw April 7**

The passing out parade of the Thura Company's 126th Intake of Officer Training Course of Tatmadaw (Army) Officer Training School (Bahtoo) was held at the parade ground of the OTS this morning, addressed by Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win on behalf of Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thado Thiri Thudhamma Min Aung Hlaing.

Also present on the occasion were Daw Than Than Nwe, wife of the Vice-Senior General, Chief of the General Staff (Army, Navy and Air) General Thiri Pyanchi Sithu Maung Maung Aye and wife, Shan State Chief Minister Zeya Kyawhtin Sithu U Aung Zaw Aye and wife, senior military officers from the Office of the Commander-in-Chief, the Eastern Command commander and wife, senior military officers from Bahtoo Station and their wives, parents of the graduate offices, instructors and teachers from the OTS (Bahtoo) and invited persons.

First, the Vice-Senior General took the salute of the cadet companies, and inspected them. The cadet companies saluted the Vice-Senior General in slow march-past and quick march-past.

Next, the Vice-Senior General presented a silver sword to Cadet No.2 Cadet Maung Maung Myint Myat from the 126th Intake of Thura Company who won the Best Cadet Award.

Then, the Vice-Senior General delivered a passing out parade speech on behalf of Senior General Thadoe Maha Thray Sithu Thado Thiri Thudhamma Min Aung Hlaing.

Afterwards, the Vice-Senior General took the salute of the cadet companies and left the parade ceremony.

After the parade, the Vice-Senior General, together with General Maung Maung Aye, senior military officers of the Office of the Commander-in-Chief and the commander of Eastern Command, met the outstanding award-winning cadets and their parents at the parlour of the guest house and spoke words of honour.

100

# Graduation dinner of Thura Company's 126th Intake of Officer Training Course of Tatmadaw (Army) Officer Training School (Bahtoo) held

**Nay Pyi Taw April 7**

The graduation dinner of the Thura Company's 126th Intake of Officer Training Course of Tatmadaw (Army) Officer Training School (Bahtoo) was held at the Military Appointment General Office Hall of the OTS this evening, attended by Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win on behalf of the Chairman of SAC Commander-in-Chief of Defence Services.

The dinner was also attended by Daw Than Than Nwe, wife of the Vice-Senior General, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, Shan State Chief Minister U Aung Zaw Aye and wife, senior military officers from the Office of the Commander-in-Chief, the Eastern Command commander and wife, senior military officers from Bahtoo Station and their wives, parents of the graduate offices, instructors and teachers from the OTS (Bahtoo) and invited persons.

First, the Vice-Senior General and party cordially greeted the graduate cadets, and had dinner together with them.

After the dinner, the Vice-Senior General and party watched the performance of the military band of Tatmadaw (Army) Officer Training School (Bahtoo) and presented a cash award.

Then, the Vice-Senior General and party enjoyed the performance of the mobile public relations troupe under the Directorate of Public Relations and Psychological Welfare at the Thabin Hall.

100



The graduation dinner of the Thura Company's 126th Intake of Officer Training Course of Tatmadaw (Army) Officer Training School (Bahtoo).

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets officers, other ranks and families in Naung Wo and Kyaing Kham military stations





Vice-Senior General Soe Win meets Tatmadaw members and families.

**Nay Pyi Taw April 7**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and Wife Daw Than Than Nwe, accompanied by Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, senior military officers of Office of the Commander-in-Chief of Defence Services and the Commander of Eastern Command, went to Naung Wo and Kyaing Kham military stations and met officers, other ranks and families this morning.

In his address delivered at the meeting, the Vice-Senior General said he is pleased and proud of the officers, other ranks and families who discharge duties in the remote area. It is necessary to protect the nation's precious natural resources of forest in another way from losses due to the people who exercise malpractice while discharging operation and security missions.

The Tatmadaw is a national force and a Union Tatmadaw formed with a variety of ethnic peoples. According to the 2008 Constitution, It is provided that the Tatmadaw always play a leading role in the State's national politics upholding the three main nation causes. The Tatmadaw is ready to prevent and respond to any threat against the State.

To safeguard the democracy the people want, the Tatmadaw took the responsibilities of the State in accordance with the Constitution, laying down the Five-point Roadmap. To ensure recovery of the nation's economy that dropped in the previous government, the Prime Minister himself met with MSMEs to encourage domestic commodity production industry. Now, it will be seen that there has been some increase in the nation's economy.

Similarly, to promote education, a policy has been laid down saying all school age children are able to go to school and all students must complete KG+9 Grade. In the health sector, a policy saying "no important than life" has been laid down. Measures were taken to acquire medicines and oxygen needed in medical treatment and all the people were given enough vaccination. As officers, other ranks and families took measures in accordance with the policy on the Tatmadaw's military-run agriculture and livestock farms on manageable scale, the products of those farms were of much help to respective regions facing difficulties on food during the pandemic period. Therefore, it is necessary to keep making efforts to achieve success in operating the agriculture and livestock farms.

Successful military-run agriculture and livestock farms on a manageable scale are effective for welfare. Good welfare is much helpful in discharging duties and promoting spirit. It is important to harmoniously take measures to be able to discharge operation and security measures. Good welfare and administration will help unit spirit emerge. The unit spirit will help accomplish assigned duties including mission duty. It is necessary to implement the four military building tasks capable of discharging the State defence duty successfully.



Vice-Senior General Soe Win greets Tatmadaw members and families.

In making decisions on success and loss of the military unit, unity is important. Those who want to destroy the nation are attempting in various ways to disintegrate the Tatmadaw who are a main pillar of the State. Despite such attempts, the Tatmadaw, as a strong and firm institution, is safeguarding the nation due to the strong unity of Tatmadaw members and families.

Tatmadaw members are to always be fit physically and mentally as they are discharging hard, tough and tired duties according to the nature of the job. It is necessary to constantly take exercises for body fitness to be dutiful in assigned duties. As reading is helpful in making the spirit strong, it is necessary to read and study good literature. Then, the Vice-Senior General made coordination on the needs of the officers and other ranks.

After the meeting, the Vice-Senior General presented foodstuffs manufactured by Tatmadaw factories for the officers, other ranks and families of the respective stations through officials and Daw Than Than Nwe, wife of the Vice-Senior General, regional foodstuffs and cash assistance for the maternal and child welfare association.

Next, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife presented foodstuffs through officials.

Afterwards, the Vice-Senior General and party cordially greeted the officers, other ranks and families of the respective military stations.

Later, the Vice-Senior General and party inspected poultry and DYL pig farms in the regional military unit and gave necessary instructions to officials.

# သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာပြည်) (က)အသင်းနှင့် နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်) (က)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မေ ၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များပြည်ထောင်စုဝန်ကြီးများပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက် တက္ကသိုလ်ပေါင်းစုံမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်) (က)အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကွန်ပျူတာတက္ကသိုလ်(အောက်မြန်မာပြည်) (က)အသင်းနှင့် နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်) (က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့တက်ရောက်လာကြသည့်အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေး အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး ပွဲကစားချိန်ခုနစ်မိနစ်တွင် နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်) (က)အသင်းက အဖွင့်ဂိုးရရှိခဲ့သည်။ ယင်းနောက် နှစ်ဖက်အပြန်အလှန်အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) (က) အသင်းက ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာပြည်) (က)အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအားကစားသမားဆု ရရှိခဲ့ကြသည့် အားကစားသမားများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဦးဝင်းရှိန်၊ကောင်စီဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်း၊ ဒေါက်တာကျော်ထွန်းနှင့် ဒေါက်တာအောင်ကျော်မင်းတို့က လည်းကောင်း၊ စတုတ္ထဆုရရှိသည့် ကွန်ပျူတာတက္ကသိုလ် (အထက်မြန်မာပြည်) (ခ)အသင်းကို ကောင်စီဝင် ဒေါက်တာမှုထန်ကလည်းကောင်း၊ တတိယဆုရရှိသည့် နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်) (က) အသင်းကို ကောင်စီဝင် ဒေါ်ဒွဲဘူကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာပြည်) (က) အသင်းကို ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့်ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်)(က) အသင်းကို ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပထမဆုရရှိသည့် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်)(က)အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ကြပြီး အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။


မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာ့လက်ရွေးစင်ထူးချွန်အားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲကို မတ် ၂၈ ရက်ကစတင်၍ အုပ်စု လေးစု၊ အားကစားအသင်း ၁၄ သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပထမဆုရရှိသည့် နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်) (က)အသင်းကို တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ဒုတိယဆုရရှိသည့် ကွန်ပျူတာတက္ကသိုလ်(အောက်မြန်မာပြည်) (က)အသင်းကို ဂုဏ်ပြုဆုနှင့်ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပုံချို မဟာသရေစည်သူစိုးဝင်း ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပုံချို မဟာသရေစည်သူစိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၆)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၂ ဗိုလ်လောင်း မောင်မောင်မြင့်မြတ်ကို ငွေဓားဆုချီးမြှင့်ပေးအပ်စဉ်။

**မိမိတို့အားလုံးသည် မြန်မာဆိုသည့်ပုံရိပ်ကို စွဲထင်ကျန်ရစ်အောင် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို စုစည်းညီညွတ်မှုစွမ်းပကားနှင့် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်ကာလတွင် တိုင်းပြည်တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်သည့်အတွက် ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်ကို သိရှိနားလည်ရန်လိုကြောင်း. . .**

☆ ကျောဖုံးမှအဆက်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပုံချို မဟာသရေစည်သူစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သိုးရိုပုံချို စည်သူမောင်မောင်အေးနှင့်ဇနီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဇေယျကျော်ထင် စည်သူ ဦးအောင်ဇော်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဗထူးတပ်နယ်မှတပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပုံချို မဟာသရေစည်သူစိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများကို လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်း တပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပုံချို မဟာသရေစည်သူစိုးဝင်းသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၆)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၂၊ ဗိုလ်လောင်း မောင်မောင်မြင့်မြတ်ကို ငွေဓားဆု ချီးမြှင့်ပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် **“တပ်မတော်(ကြည်း)တွင် အရည်အချင်းပြည့်ဝသောအရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်”** ဆိုသည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၏ ရည်ရွယ်ချက်နှင့်အညီ ခေါင်းဆောင်ငယ်များ တတ်မြောက်ကျွမ်းကျင်အပ်သည့် အခြေခံစစ်ပညာ၊ ကွပ်ကဲမှု၊ ခေါင်းဆောင်မှုပညာရပ်များနှင့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များကို စွဲမြဲစွာမှတ်သားပြီး တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များတွင် စစ်ဘက် ခေါင်းဆောင်ငယ်များအဖြစ် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန် ထွန်းပေါက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်တွင် စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမှာ ဖြစ်သည့်အတွက် ဒို့တပ်မတော်၏ သမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏ အဓိကအင်အားစုကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်များကို သိရှိထားရန်လိုကြောင်း။ တပ်မတော်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေး တပ်မတော်(BIA)မှ သန္ဓေတည်ခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်(BDA)၊ ၁၉၄၃ ခုနှစ်တွင် ဗမာ့အမျိုးသားတပ်မတော်(BNA)၊ ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် မျိုးချစ်ဗမာ့တပ်မတော် (PBF)နှင့် စက်တင်ဘာလတွင် ဗမာ့တပ်မတော်(Burma Army)အဖြစ် အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ခိုင်မာသည့် အမျိုးသားရေး အင်အားစုကြီးအဖြစ် ပြည်သူရှေ့ကဦးဆောင်ကာ မြန်မာ့လွတ်လပ်ရေးကို ရယူကာကွယ် ထိန်းသိမ်းလာသည်မှာ ယခုနှစ် ဇန်နဝါရီ ၄ ရက်တွင် (၇၅)နှစ်မြောက် စိန်ရတုတိုင်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။

တပ်မတော်သည် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၀ ခုနှစ်ထိ ပြည်ပကျူးကျော်မှု အန္တရာယ်အမျိုးမျိုးကို အသက်သွေးချွေးမြောက်မြားစွာ ရင်းနှီးပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း။ ထို့ပြင် ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်း၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်းနှင့် အုပ်ချုပ်ရေးယန္တရားပျက်ပြားမှုစသည့်နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားလှသည့် အရေးကိစ္စတို့နှင့် ကြုံတွေ့ခဲ့ချိန်တိုင်းတွင်လည်း တပ်မတော်အနေနှင့် မှန်ကန်သည့်ရပ်တည်ချက်၊ အမျိုးသားရေးခံယူချက်တို့နှင့်အတူ နိုင်ငံတော်အပေါ် သစ္စာရှိစွာကာကွယ်စောင့်ရှောက်ခဲ့ကြောင်း။

တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းကာလများတွင်လည်း နိုင်ငံတော်အချုပ်အခြာအာဏာကို ရန်ပြုလာခဲ့သည့် သောင်းကျန်းသူမှန်သမျှကို အောင်မြင်စွာ ချေမှုန်းတိုက်ခိုက်နိုင်ခဲ့ကြောင်း။ ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေး လမ်းကြောင်းပေါ်ကို ရောက်ရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။ သို့သော် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD ပါတီသည် နိုင်ငံအာဏာကို မတရားသည့်နည်းနှင့်ရယူရန် ကြိုးစားခဲ့ရာက မဲသမာမှုအရေးအတွက် ၁၁ သန်းကျော်ထိ ဖြစ်ပျက်မှုအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်နှင့် သက်ဆိုင်ရာ အစိုးရတို့က ဥပဒေနှင့်အညီဖြေရှင်းရန် အကြောင်းအမျိုးမျိုးပြ ငြင်းဆန်ခဲ့သည့်အပြင် လွှတ်တော်အသစ်နှင့် အစိုးရအဖွဲ့အသစ်ဖွဲ့စည်းရန်ထိ အဓမ္မကြိုးပမ်း လုပ်ဆောင်လာခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံ့အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းခဲ့ရသည်ကို ရဲဘော်တို့အသိပင်ဖြစ်ကြောင်း။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အနေဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်ခဲ့ကြောင်း။ တာဝန်ယူစဉ်ကာလတွင် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် **“လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ”** ဆိုသည့် မူဝါဒကိုချမှတ်ပြီး ကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းအပြင် နိုင်ငံတော်၏ ငွေကြေး၊ မိတ်ဆွေစစ်နိုင်ငံများ၏ ပံ့ပိုးကူညီမှုများဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ ပြည်သူများနှင့် အတူလက်တွဲပြီး ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများထက် အသက်ဆုံးရှုံးမှုအန္တရာယ်နှင့် ရောဂါပြန့်ပွားကူးစက်မှုသည် အချိန်တိုအတွင်း အံ့အားသင့်ဖွယ်လျော့နည်းခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှု၊ နိုင်ငံတော်အစိုးရအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ယခင် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလထိ ဘဏ္ဍာနှစ်တွင် GDP တိုးတက်နှုန်းသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လထိ ခြောက်လ Mini ဘဏ္ဍာနှစ်မှာ ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၂၂ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လထိ ဘဏ္ဍာရေးနှစ်ကုန် ယာယီခန့်မှန်းခြေအရ ၃ ဒသမ ၄ ရာခိုင်နှုန်းထိ တိုးတက်မှုရှိမည်ဟုခန့်မှန်းထားပါကြောင်း။ ထိုသို့ တိုးတက်လာခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးဆောင်မှုနှင့် တစ်နိုင်ငံလုံး၏စုပေါင်းအားများကြောင့်ပင်ဖြစ်ကြောင်း။

ထို့ပြင် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွား ပိုမိုမြင့်တင်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် **စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

မွေးမြူရေးကိုအခြေခံသည့် ဒေသထွက်ကုန်ကြမ်းမှ အဆင့်မြင့်ကုန်ချော ထုတ်လုပ်ခြင်း၊ သွင်းကုန်အစားထိုး ပို့ကုန်တိုးမြှင့်ခြင်းဆောင်ရွက်နိုင်ရေး MSME အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် မအားလပ်သည့် အလုပ်တာဝန်များကြားကပင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးသို့ ကွင်းဆင်းပြီး လုပ်ငန်းများဖြစ်ထွန်း အောင်မြင်ရေး အားသွန်ခွန်စိုက် အားပေးတိုက်တွန်းဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။ ဆက်လက်၍လည်း တပ်မတော်အနေဖြင့် မည်သည့်ခေတ်ပင်ဖြစ်စေ၊ မည်သည့်အစိုးရပင်ဖြစ်စေ **"ပြည်သူသာ အမိ၊ ပြည်သူသာ အဖ"** ဟု ခံယူပြီး နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသူနှင့် ပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ Guardian အဖြစ် အစဉ်အမြဲ ဆက်လက်တည်ရှိနေမှာဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံတွင်ဖြစ်စေ၊ အဖွဲ့အစည်းအသီးသီးတွင်ဖြစ်စေ ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။ ကမ္ဘာတစ်ဝန်းတွင်လည်း နိုင်ငံ့အကြီးအကဲ၏ ဦးဆောင်မှုကောင်းမွန်သည်နှင့်အမျှ ပြည်သူအများစုသည်လည်း ပိုမို၍စည်းလုံးညီညွတ်လာကြပြီး စည်းလုံးညီညွတ်မှုအားကြောင့် ၎င်းနိုင်ငံသည် တိုးတက်စည်ပင် သာယာဝပြောစေခဲ့သည်ကို ကမ္ဘာ့သမိုင်းတစ်လျှောက် တွေ့မြင်ကြရမှာဖြစ်ကြောင်း။ ထို့ကြောင့် ကိုယ်တိုင်စံနမူနာပြ ခေါင်းဆောင်ဖြစ်အောင် ကျင့်ကြံနေထိုင်ကြပြီး လက်အောက်က ယုံကြည်အားကိုးလာအောင် ဦးဆောင်ကြရမှာဖြစ်ကြောင်း။ မည်သည့် အဖွဲ့အစည်းဖြစ်စေ ကွပ်ကဲအုပ်ချုပ်သည့် ခေါင်းဆောင်များသည် အရည်အသွေးနှင့် အရည်အချင်းရှိမှသာ တိုးတက်မှာဖြစ်ပြီး ခေါင်းဆောင်မှု အရည်အသွေးညံ့ဖျင်းလျှင် ၎င်းအဖွဲ့အစည်းတစ်ခုလုံး ဆုံးရှုံးနစ်နာသွားမည်ဖြစ်သည့်အတွက် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် သူများသည် မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ဖွဲ့ဝင်များအပေါ် မှန်ကန်သည့်ခေါင်းဆောင်မှုများပေးရန် လိုအပ်ကြောင်း။

ခေါင်းဆောင်မှုနှင့် ပတ်သက်၍ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က **"ခေါင်းဆောင်မှုပညာရပ်ဆိုတာ ကျယ်ပြန့်နက်ရှိုင်းလှတာကြောင့် လေ့လာရင်လေ့လာသလောက် အကျိုးရရှိမှာဖြစ်ကြောင်း၊ ငယ်သားဖြစ်ချိန်မှာ နောက်လိုက်ကောင်းတစ်ယောက်ဟာ နောင်တစ်ချိန်မှာ ခေါင်းဆောင်ကောင်း တစ်ယောက်ရဲ့ အစပဲဖြစ်ကြောင်း"** ဟု မိန့်မှာချက်ကိုလည်း သိရှိလိုက်နာရန် လိုအပ်ကြောင်း။

ခေါင်းဆောင်များသည် အသိပညာ၊ အတတ်ပညာများနှင့်လည်း ပြည့်စုံရမှာဖြစ်သလို ၎င်းအသိပညာ၊ အတတ်ပညာများကို ကောင်းမွန်သည့် အတွေးအခေါ်နှင့် ပေါင်းစပ်ပြီး မှန်ကန်သည့်ခေါင်းဆောင်မှု၊




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူစဉ်။**

ဥပဒေနှင့်ညီညွတ်သည့်အမိန့်၊ မျှတသည့် ဆုံးဖြတ်ချက်များနှင့် မိမိတို့ကွပ်ကဲရသည့် တပ်ဖွဲ့ကို တိုးတက်အောင်မြင်အောင် စနစ်တကျ ဦးဆောင်သွားကြရမှာ ဖြစ်ကြောင်း။

ခေါင်းဆောင်များသည် မည်သည့် တာဝန်ကိုမဆို လိုအပ်သလို မိဘသဖွယ်စိတ်ထား၊ ခေါင်းဆောင်သဖွယ် စိတ်ထားတို့ဖြင့် ကိုယ်ချင်းစာတရားလက်ကိုင်ထားပြီး ဆောင်ရွက်ကြရန်လိုကြောင်း။ သို့မှသာ လက်အောက်ငယ်သားများ၏ အားကိုးယုံကြည်လေးစားမှုနှင့် သစ္စာစောင့်သိရိုသေမှုကို အပြည့်အဝရရှိမှာဖြစ်ပြီး ပေးအပ်သည့် မည်သည့်ရည်မှန်းချက်တာဝန်များကိုမဆို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။ ထို့ပြင် စစ်မြေပြင်တွင်လည်း သင်ကြားပေးလိုက်သည့် စစ်ပညာများကို ထိရောက်စွာ အသုံးချနိုင်ရန်လိုအပ်သလို လက်အောက်ငယ်သားများ လိုက်ပါဆောင်ရွက်နိုင်အောင်လည်း ဦးဆောင်မှုပေးနိုင်ရမည့်အပြင် **သတ္တိ၊ ဇွဲတ္တိနှင့် ရဲရဲရင့်ရင့်** ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိရမှာဖြစ်ကြောင်း။

ခေါင်းဆောင်မှုအရည်အချင်း ပြည့်ဝနေရန်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ **လိုက်နာ၊ ကျင့်ကြံကြိုးစား** လုပ်ဆောင်ကြရန်နှင့် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများဖြစ်ရန်အတွက် မိမိ၏ကိုယ်ရည်ကိုယ်သွေးကိုလည်း တိုးတက်အောင် ထာဝရကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း။

တပ်မတော်သားများသည် တိုင်းပြည်ကိုကာကွယ်ရန်ဆိုသည့် အခြေခံစိတ်ဓာတ်ကောင်းများနှင့် တပ်မတော်သို့ မိမိဆန္ဒအလျောက် ဝင်ရောက်လာသူများဖြစ်သည့်အတွက် တိုက်ပွဲဝင်ရာတွင် **"ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း"** ဆိုသည့် တိုက်ပွဲဝင်စိတ်ဓာတ်များရှိရမှာဖြစ်ကြောင်း။ ထိုသို့ အခြေခံစိတ်ဓာတ်နှင့် တိုက်ပွဲဝင်စိတ်ဓာတ်များ ပိုမိုခိုင်မာအောင် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုဖြစ်စေသည့် သုတ၊ ရသစသည့်

**ခေါင်းဆောင်ငယ်များ တတ်မြောက်ကျွမ်းကျင်အပ်သည့် အခြေခံစစ်ပညာ၊ ကွပ်ကဲမှု၊ ခေါင်းဆောင်မှုပညာရပ်များနဲ့ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များကို စွဲမြဲစွာမှတ်သားပြီး တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များတွင် စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန် ထွန်းပေါက်အောင်မြင်အောင် ဆောင်ရွက်. . .**

စာကောင်းပေမွန်များကို ရသည့်အချိန်တွင် ဖတ်ရှုရန်လိုအပ်ကြောင်း။ စာဖတ်ခြင်းက ပေးသည့် ဗဟုသုတနှင့် အသိပညာများသည် စာဖတ်သူ၏ အတွေးအခေါ် အယူအဆများကို မြင့်မားစေသည့်အပြင် ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်ခိုင်မာကောင်းမွန်မှုများကိုလည်း ရရှိစေနိုင်မှာဖြစ်ကြောင်း။ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ရှိနှင့် မလုံလောက်ဘဲ ကျန်းမာကြံ့ခိုင်ရန်အတွက် မိမိတို့ကိုယ်တိုင်နှင့် လက်အောက်စစ်သည်များကိုပါ ကိုယ်စိတ်ကျန်းမာသန်စွမ်းအောင် အစဉ်လေ့ကျင့်နေရန် လိုကြောင်း။

အနာဂတ်တွင် စစ်ဘက်ခေါင်းဆောင်များဖြစ်လာကြမည့် သူများအနေဖြင့် တပ်မတော်က ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ၎င်းသည် စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား ကောင်းမွန်သည့် ခေါင်းဆောင်တိုင်း၏ အမူအကျင့်နှင့် အလေ့အထပင်ဖြစ်ကြောင်း။ ထို့ပြင် ကျန်းမာကြံ့ခိုင်မှုကို ထိခိုက်စေမည့် အပျော်အပါး၊ အသောက်အစားကင်းစွာနှင့် တပ်မတော်သားဘဝကို တန်ဖိုးရှိရှိနေထိုင်ရမှာဖြစ်သလို မိမိဝင်ငွေနှင့် ထွက်ငွေကိုလည်း မျှတအောင်သုံးစွဲတတ်ရန်လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကိုထိခိုက်စေမည့် အပြုအမူ၊ အနေအထိုင်ကအစ ဆေးလိပ်၊ ကွမ်း၊ အရက်သေစာနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းများကို လုံးဝ(လုံးဝ) မပြုလုပ်ကြရန် လိုအပ်သလို ကိုယ်ကျင့်တရားပိုမိုကောင်းမွန်ရန်အတွက်လည်း ဘာသာရေး၊ လူမှုရေးအဆုံးအမများနှင့် ကျင့်ကြံနေထိုင်ကြရန်လည်းလိုကြောင်း။

တပ်မတော်သည် နိုင်ငံတကာ တပ်မတော်များကဲ့သို့ တိကျခိုင်မာသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖွဲ့စည်းထားသည့် တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍအတွက် အရေးပါသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ အထက်အောက် အပြန်အလှန်လေးစားမှုနှင့် ရဲဘော်ရဲဘက်စိတ်တို့ကို မွေးမြူပြီး တပ်မတော်သားကောင်း တစ်ယောက်ဖြစ်အောင် နေထိုင်သွားရန်လိုကြောင်း။

နိုင်ငံတစ်ခုသည် ပြည်သူအများစု စည်းကမ်းလိုက်နာမှု အားနည်းခြင်းနှင့် အကျင့်စာရိတ္တအားနည်းခြင်းများ ဖြစ်လာပါက ပြိုကွဲပျက်စီးမှုအမျိုးမျိုးကို ကြုံတွေ့နိုင်ကြောင်း၊ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးကြီးဆုံးအချက်ဖြစ်ပြီး စည်းကမ်းမရှိသည့် တပ်မတော်သည်လည်း တပ်ပျက်သွားနိုင်ကြောင်း၊ ယနေ့အချိန်ထိ မိမိတို့တပ်မတော်အနေဖြင့် မယိမ်းမယိုင် ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခြင်းသည် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှု အားကောင်းခြင်းများကြောင့်ပင်ဖြစ်ကြောင်း။ စည်းကမ်းလိုက်နာခြင်း၊ အမိန့်နာခံတတ်ခြင်းတို့သည် မိမိဘဝတိုးတက်မှုများကို ရရှိစေနိုင်ပြီး စစ်မြေပြင်တွင် အောင်ပွဲများရယူနိုင်ကြောင်း။

စစ်စည်းကမ်းသည် တပ်မတော်၏ အဓိက ကျောရိုးမဏ္ဍိုင်ဖြစ်၍ စည်းကမ်းရှိပါမှ စွမ်းဆောင်ရည်ထက်မြက်မြင့်မားပြီး ပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်ကိုးစားမှု အားပေးထောက်ခံမှုကို ရရှိမှာဖြစ်ကြောင်း။ ထို့ကြောင့်မိမိကိုယ်တိုင်လည်း အသေးအဖွဲ့ စည်းကမ်းကအစ စံနမူနာပြဖြစ်အောင် နေထိုင်ကျင့်ကြံပြီး လက်အောက်ငယ်သားများကို လိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုသည့် တပ်တိုင်း ရဲဘော်တိုင်း ထားရှိရမည့် အခြေခံအရည်အချင်း(၅)ပါးနှင့် ပြည့်စုံနေအောင် ကြိုးစားသွားရန်လိုကြောင်း။

တပ်မတော်သည် နယ်ဘက်ဥပဒေနှင့် စစ်ဘက်ဥပဒေများသာမက ဂျီနီဗာကွန်ဗင်းရှင်းအပါအဝင် စစ်ပွဲဆိုင်ရာဥပဒေများကိုလည်း လိုက်နာရသည့်အဖွဲ့အစည်းဖြစ်ကြောင်း။ ထို့ကြောင့် ဥပဒေနှင့်ပတ်သက်၍ စစ်သည်အဆင့်အတန်းအားလုံး ရှင်းလင်းစွာသိရှိစေရေး လေ့ကျင့်ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်မညီဘဲ ဖြစ်မှုကျူးလွန်ခဲ့လျှင်လည်း ပွင့်လင်းမြင်သာစွာ ထိထိရောက်ရောက်

**စာမျက်နှာ ၂၁ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုးရိုး မဟာသရေစည်သူစိုးဝင်း ထူးချွန်ဆုရရှိသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း။ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်းဖြင့် မိမိတို့တပ်မတော်သာမက နိုင်ငံ၏ပုံရိပ်ကိုလည်း နိုင်ငံတကာ အလယ်တွင် တင့်တယ်စေမှာ ဖြစ်ကြောင်း။ ထို့ပြင် စစ်ဆင်မှုများ ဆောင်ရွက်ရာတွင်လည်း ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules Of Engagement-ROE)ကိုလည်း မိမိကိုယ်တိုင်နှင့် လက်အောက်ငယ်သားများပါနားလည်ပြီး ဆောင်ရွက်ကြရန်လိုကြောင်း။

လေ့ကျင့်ရေးနှင့်ပတ်သက်၍ မှာကြားလိုသည်မှာ (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **“တပ်မတော်သားအဆင့်အတန်းအားလုံး အနေနဲ့လည်း လက်ဝယ်ပိုင်ဆိုင်ထားသည့် ခေတ်မီလက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ဖို့နဲ့ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်မှာ ကျွမ်းကျင်ဖို့အတွက် လေ့ကျင့်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမှာဖြစ်ကြောင်း။ အဲဒီလိုလေ့ကျင့်သည့်နေရာမှာ စစ်သည်တစ်ဦးချင်း လေ့ကျင့်ရေးနဲ့ တပ်ဖွဲ့လိုက်လေ့ကျင့်ရေးများပါဝင်ပြီး လေ့ကျင့်ရေးမူဝါဒများနဲ့အညီ ဆောင်ရွက်သွားဖို့လိုအပ်ကြောင်း။ စစ်သည်တိုင်း မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်တွေကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းဟာလည်း လေ့ကျင့်ရေးဆောင်ရွက်နေတာပဲဖြစ်ကြောင်း။ တပ်မတော်ရဲ့အရည်အချင်းဟာ လူတစ်ဦးစီရဲ့စွမ်းရည်ပေါ်မှာအခြေခံပြီး စစ်လက်နက်ပစ္စည်းများ၏ စွမ်းအားနဲ့ပေါင်းစပ်ရတာဖြစ်သည့်အတွက် တစ်ဦးချင်းစွမ်းရည်မြင့်မားရေးကို အလေးအနက်ထား လုပ်ဆောင်ကြရန်”** ဟု တိုက်တွန်းမှာကြားခဲ့ကြောင်း။

ထို့ကြောင့် လေ့ကျင့်ရေးနှင့်ပတ်သက်ပြီး တစ်ဦးချင်းအနေနှင့်ရော အဖွဲ့လိုက်အနေနှင့်ပါ လိုက်ပါလုပ်ဆောင်တတ်စေရန် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းတော်ကြီးက လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း။ ကျောင်းက သင်ကြားပေးလိုက်သည့် အသိပညာ၊ အတတ်ပညာများကို မမေ့မလျော့အောင် **“အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်ရမည်”** ဆိုသည့် မြဲသုံးမြဲကို လက်ကိုင်ထားပြီး **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့် လေ့ကျင့်ရေးလုပ်ငန်းစဉ်အတိုင်း မိမိကိုယ်တိုင်နှင့် လက်အောက်ငယ်သားများကိုပါ လိုက်ပါဆောင်ရွက်လာအောင် ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် သင်တန်းကျောင်းတွင် သင်ကြားလေ့ကျင့်ခဲ့ရသည့် စစ်ပညာများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချကြနိုင်ရန်လိုကြောင်း။

နိုင်ငံတော် ကာကွယ်ရေးတွင် တပ်မတော်၏ ဦးဆောင်မှုနှင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်သွားရန်လိုကြောင်း။ တပ်တွင်းစည်းလုံးညီညွတ်ရေးသည် တပ်မတော်အတွက် အရေးကြီးပြီး တပ်မတော်သားများနှင့် မိသားစုဝင်များကို တစည်းတလုံးတည်း ကျစ်လျစ်ခိုင်မာအောင် တည်ဆောက်ခြင်းပင်ဖြစ်ကြောင်း။ လက်ရှိကာလသည် တပ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲစေရန်နှင့် တပ်မတော်အင်အားချည့်နဲ့စေရန် နည်းမျိုးစုံနှင့် ဘက်ပေါင်းစုံက ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်ပြုနေကြသူများ၊ အဖွဲ့အစည်းများနှင့် မီဒီယာများက ကြိုးပမ်းဆောင်ရွက်နေကြသဖြင့် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြသူများအနေဖြင့် စစ်စည်းကမ်း၊ အုပ်ချုပ်မှုဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လက်အောက်ကပါ လိုက်နာဆောင်ရွက်နေရန် ကြပ်မတ်ဦးဆောင်ကြရန်လိုအပ်ကြောင်း၊ အဓိကအနေဖြင့် တပ်မတော်သားများသည် စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ လိုက်နာကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည့်အပြင် မိမိတို့ရောက်ရှိရာဒေသရှိ ပြည်သူလူထုကိုလည်း တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

ခေါင်းဆောင်များသည် မည်သည့်တာဝန်ကိုမဆို လိုအပ်သလို မိဘသဖွယ်စိတ်ထား၊ ခေါင်းဆောင်သဖွယ် စိတ်ထားတို့ဖြင့် ကိုယ်ချင်းစာတရားလက်ကိုင်ထားပြီး ဆောင်ရွက်၊ သို့မှသာ လက်အောက်ငယ်သားများ၏ အားကိုးယုံကြည်လေးစားမှုနှင့် သစ္စာစောင့်သိရိုသေမှုကို အပြည့်အဝရရှိမည်ဖြစ်ပြီး ပေးအပ်သည့် မည်သည့်ရည်မှန်းချက် တာဝန်များကိုမဆို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်...

စည်းရုံးရေးနှင့် ပတ်သက်လို့ တပ်မတော်စည်းရုံးရေး ဗဟိုဦးစီးကော်မတီ၏ (၁/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးတွင် တပ်မတော်စည်းရုံးရေးဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **“စည်းရုံးရေးဆိုသည်မှာ မိမိဖြစ်စေချင်သည့်အရာကို အခြားလူတစ်ယောက်က ၎င်း၏သဘောဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်လာစေခြင်းကို စည်းရုံးရေးဟုခေါ်ကြောင်း၊ စည်းရုံးရေးတွင် အပိုင်းနှစ်ပိုင်းပါဝင်ကြောင်း၊ ပထမအချက်မှာ တပ်မတော်သားများနဲ့ ပတ်သက်သည့် စည်းရုံးရေးအပိုင်းဖြစ်ပြီး ဒုတိယအချက်မှာ တိုင်းပြည်နဲ့ပတ်သက်သည့် စည်းရုံးရေးအပိုင်းဖြစ်ကြောင်း၊ စည်းရုံးရေးလုပ်ငန်းတွင် လူတစ်ဦးချင်း Individual စည်းရုံးရေး ဆောင်ရွက်ခြင်းလည်းပါဝင်ကြောင်း၊ Self Control ပြုလုပ်ခြင်းသည် မိမိကိုယ်ကိုစည်းရုံးခြင်းဟု ဆိုနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို စည်းရုံးခြင်းဆိုသည်မှာ စိတ်ဓာတ်ရေးရာအရ၊ စည်းကမ်းရေးရာအရ မိမိကိုယ်ကို ကောင်းမွန်စွာ နေထိုင်ပြုမူတတ်စေရန် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်က ကောင်းမွန်မှုမရှိရင် အခြားလုပ်ငန်းများ ဆောင်ရွက်မှုမှာလည်း ကောင်းမွန်ရန်ခက်ခဲမည် ဖြစ်ကြောင်း၊ မိမိကိုယ်ကို Self Control မလုပ်နိုင်သည့်အတွက် မိသားစုမှာလည်း ကောင်းမွန်သည့်အခွင့်အရေးများ ရရှိနိုင်မှုနည်းပါးသွားမည်ဖြစ်ကြောင်း၊ မိသားစုအနေနဲ့လည်း မိမိကိုကြည့်၍ စိတ်မချမ်းမြေ့ခြင်းဖြစ်ပေါ်ကာ မိသားစုဘဝကိုထိခိုက်လာနိုင်ကြောင်း၊ ဒါကြောင့်ကိုယ့်ကိုယ်ကိုယ် ကောင်းမွန်အောင်နေထိုင်ဖို့ အရေးကြီးကြောင်း”** ဟုထည့်သွင်းမှာကြားသွားခဲ့ကြောင်း။

ထို့ကြောင့် တပ်တွင်းစည်းရုံးရေးကို ရေပက်မဝင်သည့် စည်းရုံးရေးမျိုးဖြစ်အောင် ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်များနှင့် တည်ဆောက်သွားကြရန်နှင့် မိမိတို့ကိုယ်တိုင် အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း စနစ်တကျနေထိုင်ရန်လိုအပ်ပြီး တပ်ပြင်စည်းရုံးရေး ရရှိအောင်လည်း မိမိကွပ်ကဲရသည့် တပ်ဖွဲ့ဝင်များကို ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်များနှင့်အညီ နေထိုင်နိုင်ရေး သင်ကြားကြပ်မတ်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံ၏သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးရပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်၊ တစ်ပါတီဗဟိုဦးစီးစနစ်နှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ တောင်းဆိုခဲ့မှုအရ ယနေ့ပါတီစုံ ဒီမိုကရေစီစနစ်စသဖြင့် နိုင်ငံရေးစနစ်များ ပြောင်းလဲကျင့်သုံးခဲ့ကြောင်း။ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်သားများ အားလုံးကလည်း တစ်ခဲနက်ထောက်ခံခဲ့ပြီး စတင်ကျင့်သုံးရာ နောက်ပိုင်း အချို့နိုင်ငံရေးကိစ္စများတွင် တက်ရောက်လာသည့် အစိုးရနှင့် တပ်မတော်အကြား သဘောထား မတိုက်ဆိုင်မှုများရှိခဲ့သော်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာစေရေးရှေးရှု၍ တပ်မတော်အနေနှင့် ပြည်သူလူထုက ရွေးချယ်သည့် အစိုးရအဖွဲ့များနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း။

လွတ်လပ်ရေးရရှိစဉ်ကာလမှ ယနေ့ထိ အစိုးရအမျိုးမျိုး၊ စနစ်အမျိုးမျိုးနှင့် နိုင်ငံတော်ကို ကြိုးစားတည်ဆောက်သည့်သူများလည်းရှိခဲ့ကြကြောင်း။ နိုင်ငံတော်အကျိုးကို ကျရာတာဝန်ကနေ ကြိုးပမ်းဆောင်ရွက်ခဲ့ကြမှုများသည် သမိုင်းတွင် မှတ်တိုင်အဖြစ်ရှိနေမှာပင် ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးရရှိပြီးနောက် ယနေ့ထိ ၇၅ နှစ်တာ ကာလအတွင်း နိုင်ငံ့အကျိုး သယ်ပိုးခဲ့သူမှန်သမျှကို ထိုက်တန်စွာ အသိအမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဆုတံဆိပ်များကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း လက်ရှိကျင့်သုံးနေသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ဦးတည်ချီတက်နေချိန်တွင် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ် အကြောင်းကိုလည်း အနည်းငယ်မှာကြားလိုကြောင်း။ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ၎င်းတို့အား ကိုယ်စားပြုသူများကို ကိုယ်တိုင်ရွေးချယ်ပေးပြီး အုပ်ချုပ်စေသည့်စနစ်ပင်ဖြစ်ကြောင်း။ ဖက်ဒရယ်စနစ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမျိုးများ၊ လူမျိုးစုများ စုစည်းလုပ်ကိုင်ရာတွင် လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနှင့် မျှဝေခံစားခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ဟုဆိုရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူတို့က ၎င်းတို့ရွေးချယ်ပေးခဲ့သည့် အုပ်ချုပ်ရေးစနစ်၌ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ရရှိစေသည့်စနစ်ပင်ဖြစ်ကြောင်း။

မိမိတို့အားလုံးသည် မြန်မာဆိုသည့် ပုံရိပ်ကို စွဲထင်ကျန်ရစ်အောင် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို စုစည်းညီညွတ်မှု စွမ်းပကားနှင့် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း။ ထို့ကြောင့် အနာဂတ်ကာလတွင် တိုင်းပြည်တာဝန်များကို ပခုံးပြောင်းတာဝန် ထမ်းဆောင်ရမည့်သူများဖြစ်သည့်အတွက် ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်ကို သိရှိနားလည်ရန်လိုကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍတိုင်းတွင် မိမိနိုင်ငံနှင့်သင့်လျော်သည့်စနစ်တစ်ခု ချမှတ်လျှောက်လှမ်း **စာမျက်နှာ ၂၅ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ပိုးနှင့်ကျိုင်းခမ်းတပ်နယ်များသို့သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျိုင်းခမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နောင်ပိုးနှင့် ကျိုင်းခမ်းတပ်နယ်တို့ရှိ နယ်မြေခံတပ်များသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစု များကို သီးခြားစီတွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် လမ်းပန်းဆက်သွယ်ရေးအရ အလှမ်းကွာဝေးသော နေရာဒေသတွင် ပေးအပ်သော တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသော အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ဂုဏ်ယူကျေနပ်ပါကြောင်း၊ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်ရင်း နိုင်ငံတော်၏အဖိုးတန်သစ်တောသယံဇာတများအပေါ် မသမာသူများကြောင့် ဆုံးရှုံးနစ်နာမှုမရှိအောင်လည်း တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း။

တပ်မတော်သည် အမျိုးသားရေးအင်အားစုတစ်ရပ်ဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်ဟု ပြဋ္ဌာန်းထားပြီး ဒီတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေကြောင်း၊နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သော မည်သည့်အန္တရာယ်ကိုမဆို ကာကွယ်တားဆီးရန်အသင့်ရှိသော တပ်မတော်ဖြစ်ကြောင်း။

**ပြည်သူလိုလားသည့် ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးအပ်ထားသော တာဝန်အရ နိုင်ငံတော်အာဏာကိုထိန်းသိမ်းခဲ့ရပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ကာ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိ**ကြောင်း၊ ယခင်အစိုးရလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျဆင်းခဲ့ရသည့် နိုင်ငံ့စီးပွားရေးကို ပြန်လည်မြှင့်တင်နိုင်ရေး နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးရန် MSME အဖွဲ့များနှင့်တွေ့ဆုံ၍ အားပေးမြှင့်တင်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ နိုင်ငံ့စီးပွားရေးအခြေအနေမှာ အသင့်အတင့်တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အလားတူ နိုင်ငံ၏ပညာရေးအားနည်းမှုကိုမြှင့်တင်နိုင်ရန် ကျောင်းနေအရွယ်

**စာမျက်နှာ ၂၃ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျိုင်းခမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကော်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်က ဒေသထွက်စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ ကျိုင်းခမ်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



ကျိုင်းခမ်းတပ်နယ်မှ ရဲမေတစ်ဦးက တင်ပြစဉ်။




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး စားသောက်ဖွယ်ရာများပေးအပ်ရာ ကျိုင်းခမ်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၏ ဇနီးက စားသောက်ဖွယ်ရာများပေးအပ်ရာ ကျိုင်းခမ်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း။

တပ်တွင်း စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ **တပ်၏အောင်မြင်မှု၊ ဆုံးရှုံးမှု အဆုံးအဖြတ်တွင် စည်းလုံးညီညွတ်မှုသည် အရေးကြီး**ကြောင်း၊ **နိုင်ငံကိုဖျက်ဆီးလိုသူများသည် နိုင်ငံတော်၏ အဓိကဒေါက်တိုင်ဖြစ်သော တပ်မတော်ကိုဖြိုခွဲရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသော်လည်း တပ်မတော်သားနှင့် မိသားစုဝင်တို့၏ ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကြောင့် ခိုင်မာတောင့်တင်းသော Institution အဖြစ် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိ**ကြောင်း။

တပ်မတော်သားများ၏ လုပ်ငန်းသဘောသဘာဝအရ ခက်ခဲကြမ်းတမ်း၍ ပင်ပန်းဆင်းရဲသော ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နေရသူများဖြစ်၍ အမြဲကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် စိတ်ဓာတ်ကြံ့ခိုင်ရန် ကြီးမားသောအထောက်အကူဖြစ်ကြောင်း၊ အဆင့်အတန်းအားလုံး ဖတ်ရှုလေ့လာနိုင်ရန်ရည်ရွယ်၍ တပ်မတော်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်က ဒေသထွက်စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ နောင်ချိုတပ်နယ်မှ တာဝန်ရှိသူ တစ်ဦးက လက်ခံရယူစဉ်။




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး စားသောက်ဖွယ်ရာများပေးအပ်ရာ နောင်ချိုတပ်နယ်မှ တာဝန်ရှိသူ တစ်ဦးက လက်ခံရယူစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျိုင်းစမ်းတပ်နယ် နယ်မြေစခန်းတပ်ရှိ ဥစားကြက်နှင့် DYL ဝက်များ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၂၂ မှအဆက်**

ကလေးအားလုံး ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေသူအားလုံး KG+9 မပြစ်မနေ တက်မြောက်ရန် မူဝါဒချမှတ်ခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ဒုတိယလှိုင်းပြင်းထန်ချိန် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဟု မူဝါဒချမှတ်၍ ကုသရေးအတွက်လိုအပ်သော ဆေးဝါးနှင့် အောက်ဆီဂျင်များရရှိအောင်စီမံဆောင်ရွက်ခဲ့သကဲ့သို့ ပြည်သူလူထုအားလုံး ကာကွယ်ဆေးအလုံအလောက်ထိုးနှံနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊တပ်မတော်၏ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊မွေးမြူရေးမူဝါဒများအပေါ် အရာရှိ၊စစ်သည်၊မိသားစုများက လိုက်ပါအကောင်အထည်ဖော်ခဲ့သဖြင့် ထွက်ရှိလာသော စိုက်ပျိုး၊ မွေးမြူရေးထွက်ကုန်များကြောင့် ကိုဗစ်-၁၉ ကာလဒေသအသီးသီးတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိသော စားသောက်ရေးအပေါ်များစွာ အထောက်အကူရရှိခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုး၊ မွေးမြူရေးကို အောင်မြင်အောင် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်နေရန် လိုကြောင်း။

အောင်မြင်သော တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများသည် ထိရောက်သော သက်သာချောင်ချိမှုဖြစ်စေကြောင်း၊ **သက်သာချောင်ချိမှု ကောင်းမွန်ခြင်းဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်မှုအပေါ် စိတ်ဓာတ်ရေးရာအရများစွာ အထောက်အကူပြုနိုင်**ကြောင်း၊ **စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်ရန် ဦး၊ ရေး၊ ထောက် ပင်နယန်ကို ဟန်ချက်ညီလည်ပတ်နိုင်အောင် ဆောင်ရွက်ရန် အရေးကြီး**ကြောင်း၊ **သက်သာချောင်ချိရေးနှင့် အုပ်ချုပ်ရေးကောင်းမွန်မှုသည် မိမိတပ်ဖွဲ့ကို ချစ်စိတ်၊ သံယောဇဉ်စိတ်ကိုဖြစ်ပေါ်စေ**ကြောင်း၊တပ်ဖွဲ့ချစ်စိတ်သည် စစ်ဆင်ရေးတာဝန်အပါအဝင် ပေးအပ်လာသောတာဝန်များကို အောင်မြင်ပြီးမြောက်စေနိုင်ကြောင်း၊နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် စွမ်းရည်ရှိသော တပ်ကိုတည်ဆောက်နိုင်ရန် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် ... အကြီးအကဲအနေဖြင့် တပ်မတော်ပိုင်နေ့စဉ်သတင်းစာနှင့် စာအုပ်၊ စာစောင်များ ပုံမှန်ထုတ်ဝေဖြန့်ချိပေးလျက်ရှိကြောင်း၊ထို့ကြောင့် စိတ်ဓာတ်ကြံ့ခိုင်ရန်နှင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်ရန် စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာနေရန် လိုကြောင်း၊ ပေးအပ်သောတာဝန်များ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်နေရန် လိုကြောင်းနှင့်ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များကို **စာမျက်နှာ ၂၅ သို့**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၆) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၆) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆင်းအရာရှိများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၇**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၆) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။


အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကိုကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်စဉ်။

**စာမျက်နှာ ၂၁ မှအဆက်**

နေကြပြီး မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်မှသာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။ ပြည်သူကို အခြေပြုထားသည့် ဒီမိုကရေစီစနစ်တွင် ပြည်တွင်းငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ပင်ဖြစ်ကြောင်း။ ဒီမိုကရေစီဆိုသည်မှာ ပြည်သူတစ်ရပ်လုံး ပါဝင်ဖော်ဆောင်ရခြင်းဖြစ်ခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးသည် အရေးကြီးပြီး ထိုသို့ဆောင်ရွက်ရန်အတွက် ကြိုးပမ်းရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြရန်လိုကြောင်း။

နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို အသက်၊ သွေး၊ ချွေးတွေ ပေးဆပ်ပြီး ထမ်းဆောင်နေသည့် တပ်မတော်သားများသည် ငြိမ်းချမ်းရေးကို အလိုလားဆုံးဖြစ်သည့်အတွက် တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ (၆)ရပ်ကို အတိအလင်းချပြခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း ၂၁ ကြိမ် ထုတ်ပြန်ခဲ့ပြီး ထပ်မံ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများကို နှောင့်ယှက်ထိပါး တိုက်ခိုက်လာချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို တစ်နှစ်တာကာလ ထပ်မံတိုးမြှင့် ရပ်စဲပေးထားမှုတို့ကို ကြည့်ခြင်းအားဖြင့် တပ်မတော်၏ ငြိမ်းချမ်းရေးအပေါ် အလေးထားဆောင်ရွက်နေမှုကို တွေ့မြင်နိုင်မှာဖြစ်ကြောင်း။

ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တွေ့ဆုံဆွေးနွေးနိုင်ရန် ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း။ ထိုသို့ဖိတ်ခေါ်ခဲ့ရာ ယနေ့ထိ NCA လက်မှတ် ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့တို့က ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကိုလည်း ဖော်ဆောင်နိုင်ခဲ့ကြောင်း။ NCA ပါ သဘောတူညီချက်များသည် ပြည်ထောင်စုနှင့် တိုင်းရင်းသားအားလုံး၏ အနာဂတ်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရွထားခြင်းပင်ဖြစ်ကြောင်း။ ထို့ကြောင့် နယ်ချဲ့ကိုလိုနီအင်္ဂလိပ်တို့၏ Divided and Rule အရ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် သဘောထား၊ အမြင်၊ ခံယူချက်၊ ယုံကြည်ချက်များ မတူကွဲပြားနေရမှုများအား ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ကာ မတူညီသည့် အယူအဆများကို တူညီသည့် ဘုံသဘောထားများနှင့် အမိနိုင်ငံတော်ကြီး စည်ပင်သာယာဝပြောပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ဆုံးဖြစ်ပေါ်လာစေရေး ရိုးသားမှုကို အခြေခံပြီး အမြန်ဆုံးပေါင်းစည်းနိုင်ကြရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်နေချိန်တွင် မိမိတို့ကျရာအခန်းကဏ္ဍက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း။

## နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်၏ ဦးဆောင်မှုနှင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်သွားရန်လို . . .

ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတည်ရှိရေးအတွက် လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲစေရေးနှင့် ကာကွယ်စောင့်ရှောက်သူများဖြစ်အောင် မိမိကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မကြာခင် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်သည့်အခါ သင်ကြားတတ်မြောက်ပြီးသည့် သမားရိုးကျစစ်နည်းဗျူဟာများ၊ စစ်ကဏ္ဍကြီး ၄ ရပ်နှင့် အထူးစစ်နည်းဗျူဟာများကို တိကျစွာလိုက်နာကျင့်သုံးကြရန် လိုအပ်သည့်အပြင် မိမိတပ်ဖွဲ့ကိုလည်း ထမ်းဆောင်ရမည့်တာဝန်များကို ရှင်းရှင်းလင်းလင်းနှင့် နားလည်အောင် တိုက်ပွဲလုပ်ငန်းစည်းမျဉ်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း။

သမိုင်းကြောင်းနှင့်ယှဉ်သည့် မြန်မာ့တပ်မတော်၏ မွန်မြတ်သော အစဉ်အလာကောင်းများနှင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာစေရန်နှင့် မိမိဘဝ တိုးတက်အောင်မြင်ရန်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ ကျင့်ကြံကြိုးစား လုပ်ဆောင်သွားကြရန်၊ စစ်စည်းကမ်းသည် တပ်မတော်၏ အဓိကကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် စစ်ဘက်နယ်ဘက်စည်းကမ်းများကို တိတိကျကျလိုက်နာပြီး မိမိကိုယ်တိုင်နှင့် တပ်မတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သူများဖြစ်အောင်ကြိုးစားသွားကြရန်၊ တပ်မတော်၏ အဓိကလုပ်ငန်းကြီး(၃)ရပ်ကို ကျွမ်းကျင်စွာထမ်းဆောင်နိုင်ရန်အတွက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရန်နှင့် လေ့လာဆည်းပူးခဲ့သည့် ပညာရပ်များကို အခြေခံပြီး ခေတ်နှင့်အညီပြောင်းလဲနေသည့် စစ်နည်းဗျူဟာများနှင့် စစ်ဘက်နည်းပညာများကိုလေ့လာပြီး စဉ်ဆက်မပြတ်လေ့ကျင့်သွားကြရန်။ တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ကျစ်လျစ်ခိုင်မာအောင် ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်နှင့် မှန်ကန်သောဆုံးဖြတ်ချက်များချမှတ်၍ ရေပက်မဝင်သော စည်းရုံးရေးဖြစ်အောင် တည်ဆောက်သွားကြရန်၊ "အနာဂတ်၏စစ်ခေါင်းဆောင်" ဆိုသည့် ဆောင်ပုဒ်အတိုင်း တပ်မတော်ကအားကိုးရသည့် စစ်ဘက်ခေါင်းဆောင်များဖြစ်စေရန်အတွက် ကြုံတွေ့လာနိုင်သည့် မည်သည့်အခက်အခဲများကိုမဆို ရင်ဆိုင်ကျော်လွှားပြီး ပေးအပ်လာသည့်တာဝန်များကို ကျွမ်းကျင်စွာထမ်းဆောင်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပ်ဖျံ့ချီ မဟာသရေစည်သူစိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပ်ဖျံ့ချီ မဟာသရေစည်သူစိုးဝင်းသည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာခန်းမ၌ ထူးချွန်ဆုရဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။



**စာမျက်နှာ ၂၃ မှအဆက်**

တစ်ဦးချင်းစီက အသိစိတ်ဓာတ်ရှိစွာဖြင့် လိုက်နာလုပ်ဆောင်ရန် လိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့်စားသောက်ကုန်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က ဒေသထွက်စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီးတို့က စားသောက်ဖွယ်ရာများကို ပေးအပ်ရာတာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရှိ ဥစားကြက်နှင့် DYL ဝက်များမွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်အဖွဲ့ဝင်များကို ကျိုင်းခမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်အဖွဲ့ဝင်များကို ကျိုင်းခမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၇**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့်ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်နယ်အဆင့်ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့်ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌက အမျိုးသားအဆင့် ကော်မတီအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များနှင့်ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးလုပ်ငန်းစဉ်များကို ကော်မတီအဆင့်ဆင့်ဖွဲ့စည်း၍ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကြောင့် အောင်မြင်မှုများ အထိုက်အလျောက်ရရှိနေပြီဖြစ်ပါကြောင်း။

လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးနှင့်စပ်လျဉ်း၍ စီမံချက်များအသီးသီး



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)တွင် အမှာစကား ပြောကြားစဉ်။

ရေးဆွဲတင်ပြရာတွင် ယာယီခိုလှုံရာစခန်းများတွင် လက်ရှိနေထိုင်သည့်ကာလအတွင်း ထောက်ပံ့ခြင်းထက် မူလနေရပ်သို့ပြန်လည်နေရာချထားရာတွင် ကူညီပံ့ပိုးပေးမည့် အစီအမံများနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ မီးရရှိရေး၊ မိလ္လာစနစ် အစရှိသည်များကိုမူလအခြေအနေထက် ပိုမိုကောင်းမွန်အောင်ထည့်သွင်းရေးဆွဲသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ IDP စခန်းများအား စိစစ်လေ့လာသုံးသပ်၍ အကြံပြုချက်များ ဖော်ထုတ်တင်ပြရေးအဖွဲ့အနေဖြင့် IDP စခန်းများ၏ မြေပြင်အခြေအနေ၊ စခန်းတွင်းနေထိုင်သူများ၏နေရပ်ပြန်ရန် စိတ်ဆန္ဒ၊ နေရပ်ပြန်ရန် နှီးဆော်နိုင်သည့်အချက်များ၊ နှောင့်နှေးနိုင်သည့် အချက်များ၊ နေရပ်ပြန်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဖော်ထုတ်သုံးသပ်ပြီး ကော်မတီအသီးသီးသို့ ဖြန့်ဝေပေးထားပြီးဖြစ်၍ လေ့လာကာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

လုပ်ငန်းကော်မတီများ အနေဖြင့် ပြန်လည် နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာနှစ်အလိုက် တည်ဆောက်ပြီးစီးမှုများနှင့် ထပ်မံဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကိုလည်း သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး လုပ်ငန်းကော်မတီဝင်ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့များအလိုက် ရန်ပုံငွေထည့်သွင်းလျာထား ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ IDP နှင့် ယာယီခိုလှုံရာစခန်းများတွင် ရောက်ရှိနေထိုင်နေကြသူများ၏ ရပ်တည်နေထိုင်မှုကို စိစစ်လေ့လာ၍ နေရပ်သို့ ပြန်လည်ပို့ဆောင်နေရာချထားပြီး စခန်းများပိတ်သိမ်းနိုင်မည့်အခြေအနေများကို ဆွေးနွေးတင်ပြရန်တိုက်တွန်းလိုပါကြောင်း။

အမျိုးသားအဆင့်ကော်မတီ၏လုပ်ငန်းစဉ်များကိုစဉ်ဆက်မပြတ် အားလုံးပူးပေါင်းပါဝင်၍ တက်ကြွစွာဆောင်ရွက်ခဲ့မှုကြောင့် ယခင်တိုးတက်မှုများအပြင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၂) ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ လက်ရှိအချိန်ထိ အိမ်ထောင်စု ၆၄၂၁ စု၊ လူဦးရေ ၂၇၉၅၇ ဦးတို့ကို မူလနေရာများသို့ ပြန်လည်ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ပြီး IDP နှင့် ယာယီခိုလှုံရာစခန်း စုရပ် ၁၀၉ ခုကို ထပ်မံပိတ်သိမ်းနိုင်ခဲ့ကြောင်းနှင့် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်တွင်းနေရပ်စွန့်ခွာသူများကို မူလနေရပ်အပါအဝင် ပြန်လည်နေရာချထားသည့်နေရာများတွင် အမှီအခိုကင်း၍ အဆင်ပြေစွာ ရပ်တည်နေထိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခြင်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်းတို့ဖြင့် လက်နက်ကိုင်ပဋိပက္ခများနှင့် လူမှုရေးပဋိပက္ခများကို လျော့နည်းပပျောက်စေနိုင်သကဲ့သို့ ဒေသတွင်းဖွံ့ဖြိုးရေး အစီအစဉ်များ ဖော်ဆောင်နိုင်ရန်အတွက်လည်းများစွာ အထောက်အကူပြုမည်ဖြစ်ပါ၍ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအားလုံး အချိတ်အဆက်မိမိနှင့် ဟန်ချက်ညီညီ ထိရောက်ပီပြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများထောက်ပံ့ပေးနေမှုအခြေအနေ၊ IDP နှင့် ယာယီခိုလှုံရာစခန်းများတွင် အချက်အလက်ကောက်ယူခြင်းနှင့် လူမှုရေးဆိုင်ရာပံ့ပိုးမှုအခြေအနေ၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ထိုးနှံသွားမည့် အစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးနေမှုအခြေအနေ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့်အစီအမံများနှင့် မူလနေရပ်သို့ ပြန်လည်နေထိုင်လိုသူများအတွက် လတ်တလောလိုအပ်သည်များကို ထောက်ပံ့ကူညီပေးလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများနှင့် အမျိုးသားအဆင့်ကော်မတီအတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသည့် အမျိုးသားအဆင့်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့်ကော်မတီများမှ တာဝန်ရှိသူတို့က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးအတွက် သုံးသပ်အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးရှင်းလင်းတင်ပြကြရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၆) သူရတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင် ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၇**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၆) သူရတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေး ခန်းမဆောင်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မျိုးဇော်ဝင်းနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင်နေရာယူကြသည်။ ဆက်လက်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်ပြီးနောက် အမှာစကား ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ကို ၁၉၄၆ ခုနှစ်တွင် ပြင်ဦးလွင်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁ မှ ၁၆) အထိလည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇ မှ ၂၈)အထိလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် သင်တန်းများဖွင့်လှစ်ခြင်းကို ခေတ္တရပ်ဆိုင်းခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှ မော်ဘီမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉ မှ ၈၂)အထိလည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၃ မှ ယနေ့)အထိ ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။

အဆိုပါ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၆)တွင် တပ်မတော်မှစစ်သည်များနှင့် အရပ်သားဘွဲ့ရများ စုစုပေါင်း ၁၆၂ ဦးတို့ တက်ရောက်အောင်မြင်ခဲ့ကြသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ ကျောင်းဆင်းအရာရှိများ အနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူ တစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၄ ဦး၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ချီးမြှင့်ခံရသူ ၄၁၁ ဦးအထိ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဧပြီ ၇**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃နှစ်က ဆင်ဖြူတော်အထီးကလေးတစ်စီးကို ၂၀၂၂ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့်နောက်ခြေသည်း လေးခုစီပါရှိခြင်း၊နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ယခုအသက်ရှစ်လခွဲသားအရွယ်တွင် အရပ်အမြင့် သုံးပေ လေးလက်မ၊ ကိုယ်လုံး လုံးပတ်ခြောက်ပေ၊ ကိုယ်အလေးချိန်ပေါင် ၄၅၀ ရှိလာပြီးရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့်ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training"ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးစိုးမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၂) | ဦးမျိုးမြင့် | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အအုံဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဧပြီ ၇ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၉၄ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၅၉၆ ဦး |

**နေပြည်တော် ဧပြီ ၇**

ဧပြီ ၆ ရက်ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၈၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်နှစ်ဦး တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဧပြီ ၇**

နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့်အခြေအနေများနှင့်စပ်လျဉ်း၍ ASEAN Specialized Meteorological Center (ASMC)က ထုတ်ပြန်ထားချက်များအရ-

- ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် မဲခေါင်ဒေသခွဲနိုင်ငံများတွင် မီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုများ များပြားလာပြီး ၂၀၂၃ ခုနှစ် မတ် ၂၃ ရက်မှစတင်၍ မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသများနှင့်ထိစပ်နေသည့် ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် လာအိုနိုင်ငံတောင်ပိုင်းတို့တွင် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။
- မဲခေါင်ဒေသခွဲတွင် ၂၀၂၃ ခုနှစ် မေလထိ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်မည်ဟု ခန့်မှန်းသဖြင့် မီးလောင်ကျွမ်းသည့်နေရာ(Fire Hotspot)ဖြစ်ပေါ်မှုမြင့်တက်မည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် ၂၀၂၃ခုနှစ် မေလထိ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။


မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ထိန်းချုပ်နိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာအာဆီယံသဘောတူညီချက်(ASEAN Agreement on Transboundary Haze Pollution-AATHP)တွင် ပါဝင်လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၇ ချင်းရိုင်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် Fire Hotspot ကို ၃၃ ရာခိုင်နှုန်းလျှော့ချနိုင်ခြင်းနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ(Roadmap on ASEAN Cooperation towards Transboundary Haze Pollution Control)ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့၏ နယ်နိမိတ်တစ်လျှောက်တွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်းပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး ASEAN Specialized Meteorological Center (ASMC)မှရရှိသော Fire Hotspotများကို မြေပြင်တွင် ကွင်းဆင်းဆန်းစစ်ခြင်း၊ ဖြစ်ပေါ်ရသည့်အကြောင်းရင်းကို လေ့လာဆန်းစစ်ခြင်း၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ခြင်း၊ မြီးသတ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ Fire Hotspot အန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်း၊ Fire Hotspot အန္တရာယ်လျှော့နည်းစေရေးအတွက် သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့များနှင့်ပေါင်းစပ်ပြီး စီမံချက်များရေးဆွဲခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**လေထုအရည်အသွေးတိုင်းတာသောစက် (Haz Scanner -EPAZ) ဖြင့် တာချီလိတ်မြို့နယ်တွင် ၆-၄-၂၀၂၃ ရက်နေ့နံနက် (၇:၀၀)နာရီမှ ၇-၄-၂၀၂၃ ရက်နေ့(၇:၀၀)နာရီအထိ လေထုအရည်အသွေးတိုင်းတာချက်အရ ဝန်းကျင်လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index- AQI)အခြေအနေ**

| စဉ် | တိုင်းတာသည့် Parameters | Concentration | AQI | AQI Category |
|---|---|---|---|---|
| 1 | (Particulate matter $PM_{10}$ )(24hr avg) | 262.8 $\mu g/m^3$ | 154 | ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် (Unhealthy) |
| 2 | Sulphur Dioxide $SO_2$( 1hr avg) | 0 ppb | 0 | ကောင်းမွန်သောအဆင့် (Good) |
| 3 | Nitrogen Dioxide $NO_2$ ( 1hr avg) | 16.5 ppb | 15 | ကောင်းမွန်သောအဆင့် (Good) |
| 4 | Carbon Monoxide CO( 8hr avg) | 0 ppm | 0 | ကောင်းမွန်သောအဆင့် (Good) |

**၂၀၂၃ ခုနှစ် ဧပြီ ၆ ရက် မြန်မာ၊ လာအို နှင့် ထိုင်းနိုင်ငံတို့၏ မီးလောင်ကျွမ်းရာနေရာ (Fire Hotspot) နှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များ ဖြစ်ပေါ်မှုအခြေအနေ**




Source: ASEAN Specialized Meteorological Center (ASMC) Website

မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့၏ နယ်နိမိတ်တစ်လျှောက်တွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းဆင်းပွဲများပြုလုပ်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး နည်းပြတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဧပြီ ၇**

တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်မိမိတို့၏ဘာသာ၊ သာသနာကိုတန်ဖိုးထားတတ်စေရန်၊အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်နှင့် အခြားသိသင့်သိထိုက်သည့် ဘာသာရေးဗဟုသုတများကိုသိရှိစေရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများ၊ ကွန်ပျူတာအခြေခံသင်တန်းများ၊ အင်္ဂလိပ်စာသင်တန်းများနှင့် မြန်မာ့သိုင်းသင်တန်းများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများနှင့် မြန်မာ့သိုင်းသင်တန်းဆင်းပွဲများကို ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ရောဝတီခန်းမ၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌လည်းကောင်း၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးနန်းမြို့တွင်းရှိ ရန်အောင်မြင်ဓမ္မာရုံ၌လည်းကောင်းပြုလုပ်ကြရာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကြွရောက်တော်မူကြပြီး တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက အမှာစကားများပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို နဝကမ္မအလှူငွေများဆက်ကပ်လှူဒါန်း၍ သင်တန်းနည်းပြများနှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး နည်းပြများနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များတွင်လည်းဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲများနှင့် မြန်မာ့သိုင်းသင်တန်းဆင်းပွဲများကိုကျင်းပပြုလုပ်ခဲ့ကြကြောင်းသတင်းရရှိသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ဆေးရုံတက်လူနာတစ်ဦးကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိဒေသခံပြည်သူများအား တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၅၄၉ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၈ ဦး၊ ခွဲစိတ်ရောဂါ ၃၁ဦး၊ ကလေးရောဂါ ၂၅ ဦး၊ သားဖွားမီးယပ် ရောဂါ ၂၈ ဦး၊အရိုးရောဂါ ၁၀၃ ဦး၊ နား၊ နှာခေါင်း၊လည်ချောင်းရောဂါ ၃၂ ဦး၊ မျက်စိရောဂါ ၁၄၂ ဦး၊သွားရောဂါ ၄၅ ဦးနှင့်အခြားရောဂါ ငါးဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ သုံးဦးနှင့် မျက်စိခွဲစိတ်လူနာ သုံးဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးသည်။

ထို့ပြင် ဓာတ်မှန်ရိုက် လူနာ ၇၂ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ၃၁၈ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူတစ်ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ၎င်းပြင် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံရန်လိုအပ်သူ ၁၂၅ ဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများစားသောက်ရေး အဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက နေ့လယ်စာဖြင့်ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို စစ်ကိုင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ မျက်စိခွဲစိတ်လူနာများအား မျက်မှန်များတပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၇**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ် နယ်မြေခံ စက်ပစ်ကွင်း၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်စွမ်းလှိုင်မင်းနှင့် အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဆုပေးပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများနှင့် အသင်းလိုက်ဆုရရှိသူများကို တာဝန်ရှိသူများကလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းရရှိသော တောင်ငူလေတပ်စခန်း ဌာနချုပ်အသင်းကို ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ကွပ်ကဲမှုအောက် လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းက အမျိုးသား၊ အမျိုးသမီး ပစ္စတိုပစ်ခတ်စဉ်၊ အမျိုးသား၊ အမျိုးသမီး ကာဘိုင်ပစ်ခတ်စဉ်၊ အမျိုးသားရိုင်ဖယ်ပစ်ခတ်စဉ်၊ အမျိုးသားစက်ကလေးပစ်ခတ်စဉ်များကို ဧပြီ ၃ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ်မှူးက တောင်ငူလေတပ်စခန်းဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပ ပြုလုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၇**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ ရန်ကုန်တိုင်း ဒေသကြီး ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများအသီးသီး ပြောကြားကြသည်။ထို့နောက် ရန်ကုန်တိုင်း ဒေသကြီး ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက မဟာသင်္ကြန်ပွဲတော်ကျင်းပ ရေးလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက် ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ကော်မတီ များက အသီးသီးဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက် များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တနသ်ာရီမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မြိတ်-တနင်္သာရီ ပြည်ထောင်စုလမ်းရှိ တံတားအမှတ် ၃/၅၀၆ သံကူကွန်ကရစ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဧပြီ ၇**

ဒေသအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေးနှင့် ပြည်သူများခရီးသွား လာမှု လွယ်ကူမြန်ဆန်စေရေးအတွက် အခြေခံအဆောက်အအုံဖြစ်သည့် လမ်း၊ တံတားများ ဖောက်လုပ်တည်ဆောက်ပေး လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက် သမားများက လမ်း၊ တံတားများကို လက်လုပ်မိုင်း၊ လက်လုပ်ဗုံးများဖြင့် မိုင်း ထောင်ဖောက်ခွဲ၊ တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားနည်းပါးစွာဖြင့် ကျူးလွန် ပြုလုပ်လျက်ရှိသည်။

ထိုသို့ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း များပြုလုပ်လျက်ရှိရာ ဧပြီ ၆ ရက် နံနက် ၆ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရမ်းပိုကျေးရွာအနီး မြိတ်-တနင်္သာရီ ပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ် ၅၀၅ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြားရှိ တံတားအမှတ် ၃/၅၀၆ သံကူကွန်ကရစ်တံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် အလျား ပေ ၉၀၊ အကျယ် ပေ ၃၀ ခန့်ရှိ အဆိုပါတံတား၏ ယာဘက်ခြမ်း အကျယ် တစ်ပေခွဲခန့်နှင့် တံတားကြမ်းခင်းအလယ် အရှည် ပေ ၂၀ ခန့်တို့တွင် နစ်လက်မခန့် နိမ့်ကျပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ အများပြည်သူသွားလာအသုံးပြု လျက်ရှိသည့် သံကူကွန်ကရစ်တံတားကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေး ယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



တနင်္သာရီမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မြိတ်-တနင်္သာရီ ပြည်ထောင်စုလမ်းရှိ တံတားအမှတ် ၃/၅၀၆ သံကူကွန်ကရစ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုမှတ်တမ်းဓာတ်ပုံ။

# ပုသိမ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယူနီဖောင်းနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်





အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယူနီဖောင်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် များကို ရိက္ခာအမည် လေးမျိုး၊ ယူနီဖောင်း နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင် များ၏ တင်ပြချက်များအပေါ် လိုအပ်သည် များညှိနှိုင်းဆောင်ရွက်ပေးသည်။ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင် များအတွက် ရိက္ခာအမည် လေးမျိုး၊ ယူနီဖောင်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် များကို တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့မှပါရဂူများ၊ဆေးမှူးများ နှင့် သူနာပြုများက လိုအပ်သည့် ကျန်းမာ ရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေး၍ လိုအပ်သည်များညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မင်းဘူးမြို့နယ် ကန်ရေကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကန်ရေကျေးရွာမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ဆေးကုသရေးအဖွဲ့က ယနေ့တွင် ကန်ရေကျေးရွာရှိသာသနာ့ ရက္ခိတဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် ဆေးကုသရေးအဖွဲ့ က သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၀၅ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြရာ မကွေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တနင်္ဂနွေနေ့ည ဥရောပအမှတ်ပေးပွဲစဉ်တွေထဲက နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ အာဆင်နယ်၊ စတုဂတ်၊ ဘက်တစ်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L



အခုတစ်ပတ် တနင်္ဂနွေနေ့မှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေနဲ့ တန်းဆင်းဇုန်ကအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာပါ။ လက်ရှိ အမှတ်ပေးပြိုင်ပွဲတွေမှာ စီးရီးအေကနာပိုလီနဲ့ စပိန်ကဘာစီလိုနာတို့သာ ဒုတိယနေရာကအသင်းတွေကိုရမှတ်ဖြတ်တောက်နိုင်ပေမဲ့ ဂျာမန်ဘွန်ဒက်လီဂါ၊ ပြင်သစ်လီဂူး၊ ပရီးမီးယားလိဂ်တို့ကတော့ လက်ကျန်ပွဲတွေမှာ နှစ်ပွဲလောက်အမှားလုပ်မိတာနဲ့ အမှတ်ပေးဇယားရပ်တည်မှု အပြောင်းအလဲဖြစ်သွားမှာသေချာပါတယ်။ ဒါ့ပြင် တန်းဆင်းဇုန်ရပ်တည်မှုမှာလဲ စီးရီးအေတစ်ခုသာ ပြိုင်ဆိုင်မှုမပြင်းထန်တော့ပေမဲ့ ပရီးမီးယားလိဂ်၊ လာလီဂါ၊ ပြင်သစ်၊ ဘွန်ဒက်လီဂါတို့ကတော့ နောက်ဆုံးပွဲစဉ်ထိ ယှဉ်ပြိုင်ကြရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ချန်ပီယံဆုရယူဖို့နဲ့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ကြိုးပမ်းရမဲ့ အသင်းတွေကိုသာ ရွေးချယ်သွားမှာဖြစ်ပါတယ်။

**အာဆင်နယ်ကို အားပေးရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲကအစဉ်အလာအရ ပြိုင်ဘက်ကောင်းတွေဖြစ်တဲ့ လီဗာပူးနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ နည်းပြကလော့ပ်တာဝန်ယူခဲ့တဲ့ ခုနစ်နှစ်ကျော်ကာလမှာ ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့ပေမဲ့ အခုနှစ်မှာတော့ ဆိုးရွားတဲ့ ဘောလုံးရာသီနဲ့ ကြုံတွေ့နေရတာကိုတွေ့ရမှာပါ။ နည်းပြကလော့ပ်ဟာ မာနေး ထွက်ခွာသွားပေမဲ့ တိုက်စစ်မှူးဒါဝင်နူနက်နဲ့ ပြန်လည်အစားထိုးခဲ့ပေမဲ့ ထင်သလောက်အလုပ်မဖြစ်ခဲ့ပါဘူး။ ဒါ့ပြင် ကွင်းလယ်ပိုင်းက အယ်ကန်တာရာ၊ နာဘီကီတာ၊ ဖာဘင်ဟို၊ ဂျိမ်းမင်နာတို့ကလဲ အသက်အရွယ်ကြောင့် အကျပိုင်းရောက်လာပြီး ဒဏ်ရာပြဿနာတွေနဲ့ရုန်းကန်နေရတာကိုသတိပြုရမှာပါ။ သူတို့အသင်းအနေနဲ့ အခုရာသီမှာဖလားပြိုင်ပွဲ အားလုံးကလဲထွက်ခွာခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲသာအာရုံစိုက်နေရပေမဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကတော့ အဆင့်(၄)က မန်ယူနဲ့ ၁၀ မှတ်ထိကွာဟနေတာကြောင့် လာမဲ့ပွဲစဉ်တွေမှာ နိုင်ပွဲရှာဖို့ကြိုးပမ်းရမှာပါ။ ဒါပေမဲ့ တိုက်စစ်မှူး ဆာလာဟ်၊ ဒါဝင်နူနက်၊ ဂတ်ပို၊ ဂျိုတာ၊ ဖာမင်နိုတို့လို ကစားသမားတွေ ပုံမှန်ဂိုးသွင်းနိုင်စွမ်းမရှိတဲ့အပြင် ကွင်းလယ်ကအယ်ကန်တာရာ၊ နာဘီကီတာ၊ ခံစစ်ကဗန်ဒိုက်တို့ မပါနိုင်တဲ့ ကစားကွက်ပိုင်းက အားနည်းနေအုံးမှာသေချာပါတယ်။ တိုက်စစ်မှူး ဆာလာဟ်ကတော့ သွင်းဂိုး ၁၂ ဂိုးထိသွင်းယူထားပြီး အသင်းကြီးတွေနဲ့ပွဲစဉ်မှာ ဂိုးသွင်းယူနိုင်စွမ်းရှိတာကြောင့် အာဆင်နယ်ခံစစ်အနေနဲ့ ဆာလာဟ်ကိုထိန်းချုပ်နိုင်ပြီး နိုင်ပွဲရဖို့ သေချာသလောက်ရှိပါတယ်။

နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းကတော့ အခုရာသီမှာဖလားပြိုင်ပွဲတွေက စောစီးစွာထွက်ခဲ့ရပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ ပုံစံကောင်းရရှိနေပြီး ဇယားထိပ်မှာဆက်လက်ဦးဆောင်နေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ လက်ကျန် ကိုးပွဲမှာ အခုပွဲစဉ်အပါအဝင် မန်စီးတီး၊ ချဲလ်ဆီးတို့နဲ့ ကစားရအုံးမှာဖြစ်လို့ ဒီပွဲစဉ်တွေဟာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲစဉ်တွေဖြစ်သွားမှာပါ။ လက်ရှိမှာတော့ အဲဒီအသင်းတွေနဲ့ ပထမအကျော့ကစားခဲ့ရာမှာ မန်စီးတီးတစ်သင်းကိုသာရှုံးထားပြီး ကျန်အသင်းတွေကိုအနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ နည်းပြအာတီတာဟာ အပြောင်းအရွှေ့ကာလတွေမှာလဲ ချန်ပီယံဆုအတွက် အထောက်အကူဖြစ်စေမဲ့ ပရီးမီးယားလိဂ်က ဗီချန်ကို၊ ဂျီးဆပ်စ်၊ ထရိုဆာ့ဒ်တို့လိုကစားသမားတွေကိုသာ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ သရေရလဒ်တွေများနေပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုအရ အာဆင်နယ်အသင်းကိုပဲ အားပေးရမှာပါ။

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၇ | - | ၀ | မန်ယူ |
| ဘုန်းမောက် | ၁ | - | ၀ | လီဗာပူး |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၀ | လီဗာပူး |
| မန်စီးတီး | ၄ | - | ၁ | လီဗာပူး |
| ချဲလ်ဆီး | ၀ | - | ၀ | လီဗာပူး |

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပို့တင်းလစ္စဘွန်း | ၂ | - | ၂ | အာဆင်နယ် |
| ဖူလ်ဟမ် | ၀ | - | ၃ | အာဆင်နယ် |
| အာဆင်နယ် | ၁ | - | ၁ | စပို့တင်းလစ္စဘွန်း |
| အာဆင်နယ် | ၄ | - | ၁ | ပဲလေ့စ် |
| အာဆင်နယ် | ၄ | - | ၁ | လိဒ် |

**စတုဂတ်ရလဒ်ကောင်းမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘိုချမ်နဲ့ စတုဂတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘိုချမ်ဟာ အမှတ်ပေးပြိုင်ပွဲ ၂၆ ပွဲအပြီးမှာ ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ၁၆ ပွဲရှုံးနဲ့ ရမှတ် ၂၆ မှတ်ရရှိထားပေမဲ့ တန်းဆင်းဇုန်က ဟာသာဘာလင်နဲ့ ရမှတ်လေးမှတ်သာ ကွာဟနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အပြင် ခံစစ်ကစားရာမှာဥပဒေပြင်ပက ကစားပုံတွေကြောင့် ပင်နယ်တီ ၁၃ ကြိမ်ထိခွင့်ပြုထားရပြီး ပင်နယ်တီအများဆုံးပေးထားရတဲ့အသင်းအဖြစ်ရပ်တည်နေတာကို တွေ့ရမှာပါ။ ဒါ့ပြင် ပေးဂိုး ၅၇ ဂိုးထိပေးထားရတဲ့ ခံစစ်ပိုင်းကလဲ အခုပြိုင်ပွဲရဲ့ ခံစစ်ပိုင်းအဆိုးရွားဆုံးအသင်းဖြစ်နေတာလဲဖြစ်ပါတယ်။

ဘွန်ဒက်လီဂါ ၂၆ ပွဲမှာ ရမှတ် ၂၀ သာရရှိထားတဲ့ စတုဂတ်အနေနဲ့ ရလဒ်ပိုင်းဆိုးရွားနေတာကြောင့် ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းမှာနည်းပြသစ်ပြောင်းလဲခန့်အပ်လိုက်တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ နည်းပြလေးယောက်ထိ ပြောင်းလဲခဲ့လို့ နည်းပြအများဆုံးထုတ်ပယ်ခဲ့တဲ့အသင်းအဖြစ်လဲ မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ နည်းပြဟိုးစ်နက်ကတော့ အမှတ်ပေးဇယားအောက်ဆုံးရောက်နေတဲ့ စတုဂတ်အသင်းကို တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ရည်မှန်းချက်ထားနေပြီး ပထမဆုံးတာဝန်ယူခဲ့တဲ့ နုရင်ဘတ်နဲ့ ပိုကယ်ဖလားကွာတားဖိုင်နယ်ပွဲစဉ်မှာ နိုင်ပွဲစတင်ရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဟိုးစ်နက်ဟာ ဘွန်ဒက်လီဂါအသင်းတွေကိုသာ တာဝန်ယူခဲ့သူဖြစ်တာကြောင့် ဂျာမနီအသင်းတွေရဲ့ ကစားပုံကိုသိနေသလိုခြေရည်တူအသင်းတွေနဲ့ဆို နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာလဲဖြစ်ပါတယ်။ လက်ရှိစတုဂတ်အသင်းရဲ့ ကစားသမားအစုအဖွဲ့ဟာ ဘိုချမ်ကိုယှဉ်ကစားနိုင်ဖို့မခက်သလို ဘိုချမ်နဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲအသာရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိအမှတ်ပေးဇယားအောက်ဆုံးမှာရှိနေပေမဲ့ တန်းဆင်းဇုန်အထက်ကဟော်ဖန်ဟိမ်းနဲ့ ငါးမှတ်သာကွာဟနေတာကြောင့် ဘွန်ဒက်လီဂါမှာ ကျန်ရှိဖို့အတွက် အခွင့်အရေးရှိနေဆဲဖြစ်ပါတယ်။ အခုပွဲစဉ်မှာ နှစ်သင်းစလုံးဒဏ်ရာရ ပွဲပယ်ကစားသမားမရှိပေမဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာအသာရထားပြီး တန်းဆင်းဇုန်ကလွတ်ဖို့ကြိုးပမ်းလာမဲ့ စတုဂတ်ပဲရလဒ်ကောင်းမှာပါ။

**ဘိုချမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝါဒါဘရီမင် | ၃ | - | ၀ | ဘိုချမ် |
| ဘိုချမ် | ၀ | - | ၂ | ရှော်လ်ကေး |
| ကိုလုံး | ၀ | - | ၂ | ဘိုချမ် |
| ဘိုချမ် | ၁ | - | ၀ | လိုက်ပ်ဇစ် |
| ဖရန့်ဖတ် | ၁ | - | ၁ | ဘိုချမ် |

**စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၁ | - | ၁ | စတုဂတ် |
| စတုဂတ် | ၀ | - | ၁ | ဝုဖ်ဘတ် |
| စတုဂတ် | ၂ | - | ၀ | ဟီဒန်ဟိမ်း |
| ယူနီယံဘာလင် | ၃ | - | ၀ | စတုဂတ် |
| နုရင်ဘတ် | ၀ | - | ၁ | စတုဂတ် |

**ဘက်တစ်ကိုရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘက်တစ်နဲ့ကာဒီဇက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပထမအကျော့တွေ့ဆုံမှုမှာတော့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ဘက်တစ်ကအဝေးကွင်းကနေ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့ပြီး ထိရောက်တဲ့ ဂိုးပေါက်ကန်သွင်းမှုတွေလဲ ပြုလုပ်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ကာဒီဇက်ဂိုးသမားလီဒက်စ်မာရဲ့ လက်စွမ်းပြမှုကြောင့် သရေရလဒ်သာရရှိခဲ့တာဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ နောက်ပိုင်းအဝေးကွင်းတွေမှာ ခြေစွမ်းပိုင်းကျဆင်းသွားပေမဲ့ အိမ်ကွင်းကစားအားကတော့ အကောင်းဆုံးမှာရှိနေတာကိုတွေ့ရမှာပါ။ ဘက်တစ်ဟာ အဓိကကစားသမားတွေ ဒဏ်ရာရချိန်မှာ ယူရိုပါလိဂ်ကစားခဲ့ရသလို ရီးရဲလ်မက်ဒရစ်၊ ဗီလာရီးရဲလ်၊ အေတီကိုတို့နဲ့ ပွဲကျပ်တွေကစားခဲ့ရတာကြောင့် ရလဒ်ကျဆင်းခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ အဓိကကစားသမားဖက်ကီယာ တစ်ယောက်သာ လွဲချော်မှာဖြစ်ပြီး ကျန်ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ရှစ်ကြိမ်မှာလဲ ဘက်တစ်က ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အသာရခဲ့တာကိုတွေ့ရမှာပါ။

နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားတဲ့ ကာဒီဇက်ဟာခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီအမှတ်ပေးပွဲ ၂၇ ပွဲကစားအပြီးမှာ ခြောက်ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ၁၁ ပွဲရှုံးခဲ့ပြီး အဝေးကွင်းနိုင်ပွဲကတော့ နှစ်ပွဲသာရှိခဲ့တာဖြစ်ပါတယ်။ အဲဒီနှစ်ပွဲကလဲ ခြေစွမ်းကျဆင်းနေတဲ့ ဗလင်စီယာနဲ့ ဗယ်လာဒိုးလစ်အသင်းတွေကိုသာဖြစ်ပြီး ကျန်အသင်းတွေကိုတော့ အနိုင်ရခဲ့ခြင်းမရှိပါဘူး။ ဂိုးသမားလီဒက်စ်မာဟာ အခုပြိုင်ပွဲမှာ တစ်ပွဲကို ပျမ်းမျှလေးလုံးနှုန်းထိဂိုးပေါက်ကာကွယ်မှုပြုလုပ်ခဲ့ပြီး အကောင်းဆုံးဂိုးသမားတွေထဲမှာ ရပ်တည်နေပေမဲ့ တိုက်စစ်ထက်မြက်တဲ့အသင်းတွေကိုတော့ အမြဲတမ်းပေးဂိုးရှိခဲ့တာကို သတိပြုရမှာပါ။ ကာဒီဇက်နည်းပြ ဂွန်ဇာလက်ကတော့ ၄-၄-၂ ကစားကွက်နဲ့ ခံစစ်အသားပေးကစားပြီး တန်ပြန်တိုက်စစ်ကနေ ဂိုးရဖို့ကြိုးစားလေ့ရှိပေမဲ့ နည်းပြပယ်လီဂရီနီရဲ့ နည်းစနစ်ပိုင်းကြွယ်ဝမှုနဲ့ အိမ်ကွင်းကစားပုံတည်ငြိမ်မှုတွေကြောင့် အလုပ်ဖြစ်မယ်မထင်ပါဘူး။ အခုပွဲစဉ်မှာတော့ ကာဒီဇက်ခံစစ်ပိုင်းအနေနဲ့ ဘက်တစ်ရဲ့တိုက်စစ်မှူး အီဂယ်စီယက်စ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရယူပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကြိုးစားလာမဲ့ ဘက်တစ်ကိုပဲ ရွေးချယ်ရမှာပါ။

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၄ | - | ၁ | ဘက်တစ် |
| ဗီလာရီးရဲလ် | ၁ | - | ၁ | ဘက်တစ် |
| ဘက်တစ် | ၀ | - | ၁ | မန်ယူ |
| ဘက်တစ် | ၁ | - | ၀ | မာယော့ကာ |
| အေတီကို | ၁ | - | ၀ | ဘက်တစ် |

**ကာဒီဇက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဆိုစီဒက် | ၀ | - | ၀ | ကာဒီဇက် |
| ကာဒီဇက် | ၂ | - | ၂ | ဂီတာဖေး |
| အယ်မာရီယာ | ၁ | - | ၁ | ကာဒီဇက် |
| ကာဒီဇက် | ၀ | - | ၂ | ဆီဗီလာ |

**Myanmar Mobile Money(MMM)** မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်
**Digital Mobile Money-DMM(App)** ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ...
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊
လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း။

ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

# ထာဝရလှပသော အပြုံးအတွက်

# DENTOMEC

DENTIST RECOMMENDED
FDA အမှတ်-1907 PC 0040




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ကျောက်တန်းစံပြကျေးရွာနေ ဦးတင်မင်းထိုက်+ဒေါ်မုန်း တို့၏သားဖြစ်သူ မောင်ညီညီမင်းဦး(၉/မလန(နိုင်)၁၇၉၆၂၂)သည် မိဘများ ဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေး ကိစ္စအဝဝအားလုံး တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးတင်မင်းထိုက်+ဒေါ်မုန်း**

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့နေ ထူးအောင်လွင်(ဘ) ဦးသွင်မောင်မောင် (၉/မကန(နိုင်)၁၂၁၁၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၁၄၆၃၃၁

### ပျောက်ဆုံးကြောင်း

မအူပင်မြို့နေ ထက်ဝေယံထွန်း (ဘ) ဦးဝင်းဝေ (၁၄/မအပ(နိုင်)၃၄၁၂၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၃၇၉၀၁၈၅

### ပျောက်ဆုံးကြောင်း

မအူပင်မြို့နေ ဦးအောင်ကို (ဘ) ဦးစိန်လှိုင်(၁၄/မအပ(နိုင်)၀၆၈၆၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၇၄၇၈၆၉၁

### ပျောက်ဆုံးကြောင်း

ညောင်တုန်းမြို့နေ စိမ်းမိုးမို (ဘ) ဦးစိုးအောင် (၁၄/ညတန(နိုင်)၂၀၇၁၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၆၅၅၂၀၅၁

### ပျောက်ဆုံးကြောင်း

ညောင်တုန်းမြို့နေ ညဏ်ထက်လင်း(ဘ)ဦးကိုကိုနိုင် (၁၄/ညတန(နိုင်)၂၁၁၇၈၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၆၅၅၂၀၅၁

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ ရန်နိုင်ထွန်း(ဘ) ဦးကျော်စိုး (၁၄/ပတန(နိုင်)၁၆၁၇၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၉၄၂၅၄၇၂၇

**စာပေမြင့်မှ လူမျိုးတင့်မည်**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှုက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**သစ်တော**
**သစ်ပင်**
**ချစ်ခင်တဲ့**
**လူမျိုး**
**သစ်ပင်ကို**
**နှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့ အကျိုးကို ရေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးခဲ့ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၆) သူရတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၆) သူရတပ်ခွဲသင်တန်းဆင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၇**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၆) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar